၁၉၈၄၇

## ရွှေကျင်ဆရာတော်

◀ ဟုယူဆ၏ ▶

၂၆၇
စာကြည့်တိုက်
ပိဋကတသဘာ မြန်...
မြန်မာ...

# ကုလဒူသက ဝိနိစ္ဆယ

သာသနဒါယကာ တကာတော်
မင်းတုန်းမင်း တရား
ဓမ္မဒါန

ရှာဖွေတင်ပြသူ-

ဦးပဏ္ဍဝ
(ဝိသုဒ္ဓါရုံ ဝါးတန်း)

စာစဉ်အမှတ်(၁)-
ပင်မပိဋကတိုက်
မဟာဝိသုဒ္ဓါရုံ
မန္တလေး ။

## မိတ်ဆက်အမှာစာ

ကုလဒုသကဝိနိစ္ဆယကျမ်း စာသည် ရွှေကျင်နိကာယဂဏသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီး လက်ရာဖြစ်တန်ရာ၏။ ယင်း ကျမ်း စာကို ရွှေကျင်နိကာယစာပေထိန်း သိမ်း ရေး အဖွဲ့က နေ့ ရော ညပါလိုက်လံရှာဖွေနေဆဲကျမ်း စာတဆူပင်ဖြစ်၏။

ရွှေကျင်ဆရာတော်ဘုရား ကြီး ပြုစုခဲ့သောကျမ်း စာရင်း မှာ (၁၃၄)ကျမ်း တိတိဖြစ်၏။ ယင်း ကျမ်း စာတို့ကို တွေ့ရှိပြီး က (၇၅)ကျမ်း ၊ ရှာဖွေနေဆဲကျမ်း ကား (၅၉)ကျမ်းဖြစ်တော့၏။

ကျမ်း ပေါင်း ၁၃၄ ကျမ်း ထဲမှာဤကုလဒုသကဝိနိစ္ဆယ ကျမ်း သည်အပါအဝင်ကျမ်း တဆူပင်ဖြစ်၏။ ကုလဒုသကဝိနိစ္ဆယဆိုသော နာမည်တူကျမ်း စာ ၂ စောင်ကုန်း ဘောင်ခေတ်ထဲမှာ ပေါ် ပေါက်ခဲ့ကြ၏။

ကျမ်း စာရှင်များ ကား ရွှေကျင်ဆရာတော်ဘုရားကြီး ၏ဆရာရင်း ဖြစ်တော်မူသောသီးလုံး ဆရာတော်ဘုရား ကြီး ၊ ရွှေကျင်ဆရာတော်ဘုရား ကြီး တို့ဖြစ်ကြ၏။

သီးလုံး ဆရာတော်ဘုရား ၏ကုလဒုသကဝိနိစ္ဆယကျမ်း စာ ဖြစ်ပေါ်လာပုံမှာ–

အလည်ဂွိုမြို့ညာခံန်း ကျောင်း နေဂိုဏ်း အုပ်ဆရာတော် ဝှင်အဂ္ဂါသဘက သီးလုံး ဆရာတော်ဘုရား ကြီး ထံ---

ရဟန်း သာမဏေတို့သည်အနာမာဝဏ္ဏကို ပေး၍လည်း ကောင်း ၊ မအပ်သော ဝေါဟာရစကား ဖြင့်ဖျင်ပုဆိုး စသည်တို့ကို

ပေး ၍ ငှင်း ၊ မှင်ဟင်း သပဒါး စသည်တို့ဖြင့်ကိုယ်လက်အစရှိသည်တို့နှ
တို့၍ကိုယ်လက်အစရှိသည်တို့၍ မှင်ဟင်း သပဒါး အစရှိသည်တို့သည်ရှိရစ်
ချေသည်၊ နိဿဂ္ဂိယဝတ္ထုရှိရစ်လျှင်နိဿဂ္ဂိအာပတ်သင့်၍ နေသည်၊ ဆိုရ
မည်ကိုလည်း မသိနိုင်ပါ၊ နိဿဂ္ဂိအာပတ်သင့်လျှင်လည်း နိဿဂ္ဂိအာပတ်
မှလွတ်[illegible]ာင်မကြံနိုင်ပါဘုရား ။

ဟု လျှောက်ဆိုချက်ကိုအကျယ်တဝင့် ဖြေကြား ထား သော
ကုလဒူသကဝိနိစ္ဆယ ကျမ်း စာတစောင် ပေမူနှင့်မန္တလေး မြို့
ဝိဇ္ဇာသိပ္ပံတက္ကသိုလ်စာကြည့်တိုက်မှာ တွေ့ရှိခဲ့ရ၏။ ယင်း ပေမူမှာ
စာကြည့်တိုက် ပေစာအမှတ် – ၂၄၀၊ ၃ – အ ကြ နှင့် ၁၁ံ ရှိပြီး ၁၂၂၀
ပြည့်နှစ်နတ်[illegible]ာ်လပြည့် ကျော် ၁၃ – ရက်တနင်္ဂနွေ နေ့ ရေး ကူးပြီး
စီး ကြောင်း ဖော်ပြထား တာ တွေ့ရ၏။

ဤကုလဒူသကဝိနိစ္ဆယကဘုရင်မင်း မြတ် ( မင်း တုန်း မင်း)
ကိုယ်တိုင်အထူး ထူး ကျမ်း တို့မှထုတ်နှုတ်ပြီး ရေး သား ရန် ရွှေကျင်
ဆရာ တော်ကို လျှောက်ထား ချက်အရ ရေး သား ခဲ့ သောကျမ်း စာ
က စောင်ဖြစ်ဟန်တူ၏။

ယင်း ကျမ်း စာကို ရေး သား ပြီး မြန်မာနိုင်ငံ တော်
၌ဘုရင်မင်း မြတ်ကဓမ္မဒါနအဖြစ်လှူဒါန်း ခဲ့ ကြောင်း ကိုသိရသည်က

ယခုအခါအမှတ်မထင်လွန်ကြူး ကျော် နင်း ကြသဖြင့်အား
နည်း ၍တိမ် ကောပြီး သောဂရုဝိယပဋိဂ္ဂဟ ဂရုဝိယ သံဝေါဟာရ
ကယဝိကယ ကုလဒူသန အနေသန အစရှိ သောသိက္ခာပုဒ်တို့ကို

အထူးထူး ကျမ်းဂန်တို့မှ ထုတ်နှုတ်၍ ရေးစပြီး လျှင်တကာ တော်က ဓမ္မဒါနလှူဒါန်း ပါသည်။

ဆိုသည်ကို ထောက်၍သိရ၏။

ရွှေကျင်ဆရာတော်ဘုရားကြီး၏လက်ရာဟူ၍ကျမ်းကို ဆိုနိုင်ခြင်းက ရွှေကျင်ဆရာတော်ဘုရားကြီးသည်အမရပူရခေတ် စာသင်သားတဦးဖြစ်ခဲ့၏။ မင်းတုန်းမင်းသားလေးဘဝတုန်း ကခင်မင်ရင်းနှီးခဲ့သောဆရာတော်ပါ၊ သဲအင်းကျောင်းထွက် သဲအင်းသာသနာပိုင်ဆရာတော်ကြီး ထံတိုး ကျိုးနွံ့နွံ့ ပညာဗဟုသုတ ရှာမှီးခဲ့သော ရွှေကျင်ဆရာတော်ကြီးဖြစ်၏။ အသက်ငယ်ငယ်ရွယ် ရွယ်နှင့်သဲအင်းသာသနာပိုင်ထံ ရောက်ရှိလာသော အမှုတို့ကိုဝိနိစ္ဆယ ချအစ်ခြင်း ခံခဲ့ရသော ရွှေကျင်ဆရာတော်အားသို့အတွက်ဤကုလဒူသက ဝိနိစ္ဆယကျမ်း စာထွင်ဆေးလိပ်သောက်မှုနှင့်ပတ်သက်ပြီး သူ၏ကျေး ဇူးရှင်သဲအင်းဆရာတော်၊ သက်ကယ်ကျင်းဆရာတော်တို့ကိုကိုးကား၍ ကန့်ကွက်ထားကြောင်း တွေ့ရှိရ၏။

ယင်းကျမ်းစာကိုမင်းတုန်းမင်းက "ဓမ္မဝိနယပြန်တမ်း" စာစောင်ဖြန့်ချိခဲ့ရတာအား မရ၍ထပ်မံဖြန့်ချိခဲ့သောစာစောင် လေ့ကား ဟုသံသယဖြစ်မိ၏။

ဤကျမ်းစာ၏ရေးသားတင်ပြပုံထိုမှာရှင်းရှင်းလင်း လင်းရှိလှ၏၊ ရဲရင့်ပြတ်သားလှပေ၏။ မည်သူ့မျက်နှာကိုမျှမထောက် မိမိကိုယ်တိုင်ကအမှန်တကယ်မကျင့်လျှင်ယင်း ရေးသားပုံ ပုံစံမျိုး မရေးတန်ရာ။

ဓမ္မဝိနယပြန်တမ်း သည်နိုင်ငံတော်၌ မင်းတုန်းမင်း ကသာသနာပြုစာတစ်း အဖြစ်ဖြန့်ချိခဲ့ကြောင်း ထင်ရှားခဲ့၏ ။ ကုလဒ္ဒသကဝိနိစ္ဆယကျမ်း စာမင်းတုန်း မင်း ကိုယ်တိုင်ကမြန်မာနိုင်ငံတော်၌ဖြန့်ချိခဲ့ကြောင်း မထင်မရှား ရှိခဲ့၏။ သို့မထင်မရှား ဖြစ်ရခြင်း ကား သမိုင်း ပြုသူတို့၏ဟာကွက် လေလော ဟုမံ့ပြောနိုင် ချေ။

ဤကျမ်း စာ၏စာကိုယ်ထဲတွင် -

မြို့ ရွာ နိဂုံး ဇနပုဒ် မှစ၍ နိုင်ငံတော်အတွင်း၌ သီတင်း သုံး နေကြကုန် သော ရဟန်း သံဃာ တော်အပေါင်း သူတော်သူမြတ်တို့သည်၊ ငါတို့သာသနဒါယကာ တော် ရေမြေသခင်လူတို့မင်း သည် ငါတို့ကိုနှိပ်စက်ညှင်း ဆဲပင်ပန်း ကျဉ်း မြောင်း ဆင်း ရဲစေလိုသော ကြောင့်ဆိုသည်မဟုတ် ပေ၊ ငါတို့ကိုလွန်စွာသနား ကြင်နာစုံမက်လှ သော ကြောင့်ပင်း ၊

သဗ္ဗညုမြတ်စွာဘုရား သာသနာ တော်၌အလွန်ယုံကြည် လေးမြတ်ကြည်ညိုလှသော ကြောင့်ပင်း ၊ ငါတို့အား အရဟတ္တဖိုလ်နိဗ္ဗာန် အဆုံး ရှိ သော လောကီ လောကုတ္တရာ ကောင်း ကျိုး ချမ်း သာအပေါင်း ကိုပြီး စေခြင်း ငှာသာဆိုပေသည်။ ဟုပါရှိ လေ၏။

ယင်း တို့ကိုထောက်ဆ၍ မင်း တုန်း မင်း ကိုယ်တိုင်ဓမ္မဒါနအဖြစ်လှူဒါန်း ခဲ့ကြောင်း ၊ ရွှေကျင်ဆရာ တော်ဘုရား ကြီး ၏ လက်ရာဟုဆိုနိုင်ရန်သဲအင်း သာသနာပိုင်၊ သက်ကယ်ကျင်း ဆရာ တော်ကြီး တို့၏အယူအဆကိုး ကား ထား ခြင်း တို့ကို တွေ့ရ၍ ရွှေကျင်

ဆရာတော်ဘုရားကြီး၏ကျမ်းစာဟုတိတိကျကျဆိုလိုက်ချင်တော့၏။

ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်တည်ထောင်ဦးစီးခဲ့သော ရွှေကျင်ဂိုဏ်းကြီး၊ ရွှေကျင်ဂိုဏ်းသား၊ သံဃာကို မလိုက်နာမနေရ ရွှေကျင်ဂိုဏ်းကျင့်ထုံး ဥပဒေကြီးထဲမှာလပြည့် လကွယ်သံဃာ့ဥပုသ်ပြုသောအခါတွင် –

"ပါတိမောက်ပြန်သည့်အခါ ညောင်းညာပင်ပန်းခြင်း စသောအနည်းငယ်သောအကြောင်းကိုအကြောင်းပြုညဖြင့်အကျဉ်း သင်္ခေပမပြုပဲအခါခပ်သိမ်း အကျယ်ဝိတ္ထာရပြုခြင်း ဆိုသော ဥပဒေသနှင့်ဤကုလဒူသကဝိနိစ္ဆယထဲမှာထို့အတူထည့်သွင်း ရေးသား ခြင်းကိုထောက်ဆ၍ ရွှေကျင်ဆရာတော်၏လေသံလက်ရာဖြစ်ရာ၏ ဟုဆိုချင့်၏။

ကျမ်းစာ၏စာကိုယ်ထဲမှာ ပါဠိ စာသားများ ကိုးကားပြီး ပုဂ္ဂိုလ်တိုင်းနားလည်လွယ်အောင်မြန်မာစကားပြေ သက်သက်နှင့်ရေးသားထားပုံသည် ခေတ်မှီလှသည်ဟုဆိုရမည်။

မှီငြမ်းကိုးကားထားသော ပါဠိစာသားကိုကျမ်း ဂန်ကြီးအသွယ်သွယ်နှင့်တိုက်ဆိုင်ကြည့်ရှုလိုက်တော့ကျမ်း ပေါင်း ( ၂၉ ) ကျမ်းတိတိတွေ့ရှိရ၏။

ပသို့ပင်ဆိုစေ ဤကုလဒူသကဝိနိစ္ဆယကျမ်းစာသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ကျမ်းစာဟုပီပီသသမဆိုရဲခဲ့သည် မှာ ပေစာနိဂုံး၌ ရွှေကျင်ဆရာတော် ရေးသားသည်ဆိုသော

စာမမြင် တွေ့ရခြင်း ။ ပေစာ ရေးကူး ပြီး နှစ် ပေမူ၌ ရေးထိုး ထားခြင်း မတွေ့ရ၊ သို့အတွက် ပေစာအနှစ်သက္ကရာဇ် ဆိုသော ဆောင်ပုဒ်နှင့်ဆန့်ကျင်ဘက်ကျရာ ရောက် တော့၏ ။

ဤကျမ်း စာကိုဖြန့်ချိလိုက်ခြင်း အားဖြင့် မိတ္တူပေမူ အမှန်ထွက် ပေါ်လာလိမ့်မည်ဟုယုံကြည် မျှော်ကိုး ပါသတည်း ။

၂၄ – ၈ – ၇၈

ဦး ပဏ္ဍဓ

ဝါး တန်း ကျောင်း

မဟာဝိသုဒ္ဓါရုံတိုက်သစ်

( ၂ ) နယ်မြေ – မန္တလေး

# ကုလာဒူသကဝိနိစ္ဆယ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

အလုံး စုံ သောသတ္တဝါအ ပေါင်း တို့၏ ကောင်း ကျိုး ချမ်း သာကိုအခါမပြတ် တောင်း တ လေ့ရှိ သောတပည့်တော်သာသာသနဒါယကာ တကာ တော်မင်း ဧကရာဇ်သည်နိုင်ငံ တော်အတွင်း ၌သီတင်း သုံး နေကြကုန် သောရဟန်း သံဃာ တော်အ ပေါင်း တို့၏အကျိုး စီး ပွား ကိုအထူး သဖြင့်ရွက် ဆောင်လိုသည်ဖြစ်၍ကြံဆင်ခြင်သည်ရှိ သော် — အလဇ္ဇီ တို့၏အမှုအရာဒုစာရိတ္တအကျင့်ယုတ်မှကြဉ် ရှောင် စေ၍ လဇ္ဇီ ပေသလသိက္ခာကာမသူ တော် ကောင်း တို့၏အ လေ့အကျင့်သီလဝတ္တအဖြစ် ၌တည် စေသည်မှတပါး ရဟန်း တို့အား ချမ်း သာသုံး ပါး ကိုရခြင်း၏ အ ကြောင်း မည်သည်အခြား တရား မရှိပြီဟုတကာ တော်ဉာဏ်အား ထင်၍ထိုရဟန်း သံဃာသူ တော်သူမြတ်တို့အား အရဟတ္တဖိုလ်နိဗ္ဗာန်တိုင် အောင် လောကီ လောကုတ္တရာ ကောင်း ကျိုး ချမ်း သာကိုရွက် ဆောင် လိုသည်ဖြစ်၍ ၎င်း ၊ အဇာတသတ်မင်း ကာလာ သောကမင်း ၊ သိရိဓမ္မာ သောကမင်း အစရှိ သော ရှေး ရှေး သောသာသနာပြု မင်း တို့ကဲ့သို့သဗ္ဗညုမြတ်စွာဘုရား သာသနာ တော်မြတ်ကိုအလွန်အကြူး အထူး ထွန်း လင်း စည်ပင် အောင်သုတ်သင် ချိုး မြှင့်ပြုစုခြင်း ကိစ္စကို ရွက် ဆောင်လိုသည်ဖြစ်၍ ၎င်း ၊

လဇ္ဇီပေသလ သိက္ခာကာမဝိနယကုက္ကုစ္စက မာတိကာဓရ ဝိနယဓရဗဟုဿုတသုတဓရ သုတသန္နိစယ အာဂမာဓိဂမ ဖြစ်သော

ပုဂ္ဂိုလ်ကျော်မထေရ်မြတ်တို့ကို ကောင်းပန်၍ ပါဠိအဋ္ဌကထာကျမ်းဂန် ထင်ရှားရှိလျက်၊ ယခုအခါအမှတ်မထင်လွန်ကြူး ကျော်နင်းကြသဖြင့် အားနည်း၍ ဘိမ်ကောပြီးသော ရူပိယ ပဋိဂ္ဂဟ ရူပိယ သံဝေါဟာရ ကယဝိက္ကယ ကုလဒူသန အနေသန အစရှိသော သိက္ခာပုဒ်တို့ကို အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်နှုတ်၍ ရေးစီပြီးလျှင် ဘကာတော်က ဓမ္မဒါန လှူဒါန်းပါသည်။

မြို့ရွာ နိဂုံး ဇနပုဒ် မှစ၍ နိုင်ငံတော်အတွင်း၌ သီတင်းသုံး နေကြကုန်သော ရဟန်းသံဃာတော်အပေါင်း သူတော်သူမြတ်တို့သည်၊ ငါတို့သာသနာဒါယကာတော် ရေမြေသခင်လူ့မင်းသည် ငါတို့ကိုနှိပ်စက်ညှဉ်းဆဲ ပင်ပန်း ကျဉ်းမြောင်း ဆင်းရဲစေလိုသောကြောင့်ဆိုသည်မဟုတ်ပေ၊ ငါတို့ကိုလွန်စွာသနားကြင်နာစုံမက်လှသောကြောင့်၎င်း ၊

သဗ္ဗညုမြတ်စွာဘုရား သာသနာတော်၌အလွန်ယုံကြည်လေးမြတ်ကြည်ညိုလှသောကြောင့်၎င်း ၊ ငါတို့အား အရဟတ္တဖိုလ်နိဗ္ဗာန အဆုံးရှိသော လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာအပေါင်းကိုပြီးစေခြင်းငှာသာဆိုပေသည်။

ငါတို့သည်လည်း ရှင်ပြုစကာလကပင် "သကလဝဋ္ဋ ဒုက္ခနိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ"[1] စသောပါဠိဖြင့် အလုံးစုံသောသံသရာတည်းဟူသော ဝဋ်ဆင်းရဲမှထွက်မြောက်ရာဖြစ်သော

---

၁။ ဝိ၊ ၅၊ ၃။ ၂၄၉၊ ၂၅၀။ ပါ၊ သင်္ဂဟ။ ၁၅၀။
. ဝိမတိ၊ ၂၊ ၉၅၊ ဝိနယာလင်္ကာရ၊ ၁။ ၂၅၉။

သင်္ကန်း ဝတ်ပြီး၍လည်း "သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံယာစာမိ" ဟူသောပါဠိဖြင့် သံသရာဝဋ္ဋ ဒုက္ခမှထွက် မြောက်ပါရခြင်း အကျိုး ငှာသာ ရှင်အဖြစ်ကို တောင်း၍ သရဏဂုဏ်ကိုယူခဲ့သည်။ တဖန်ရဟန်း ပြုစဉ်ကာလ၌လည်း ။

"သံဃံ ဘန္တေ ဥပသမ္ပဒံယာစာမိ၊ ဥလ္လုမ္ပတုမံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ" [1] ဟူသောဖြင့်သံသရာကည်း ဟူသော ညွှန်အိုင်မှထုတ်ဆယ်၍ နိဗ္ဗာန်တည်း ဟူသောထိုမှာဘက်ကမ်း သို့ပို့ဆောင် ကယ်တင်တော်မူပါဟူသံဃာ တော်အပေါင်း တို့ကို တောင်း ပန်၍ ရဟန်း ပြုလာခဲ့သည်၊ သို့လာခဲ့သည်နှင့်အညီဝဋ်ဆင်း ရဲမှထွက် မြောက်ခြင်း၏ အကြောင်း ဖြစ်သောလဇ္ဇီသူ တော်ကောင်း တို့၏အကျင့်သီလကိုအဟုတ် အဟတ်အား ထုတ်၍ကျင့်ရမည်ဟူ ယောနိ သော မနသိကာရအသင့်အား ဖြင့်နှလုံး သွင်း မိကြကုန်သည်ဖြစ်၍ဘုရား၊ သခင်သာသနာ တော်၌ လွန်စွာယုံကြည်ခြင်း သဒ္ဓါ၊ လွန်စွာကြည်ညိုခြင်း ပသာဒ၊ လွန်စွာနှစ် သက်ခြင်း ပီတိ၊ လွန်စွာမြတ်နိုး ခြင်း မာနန၊ လွန်စွာရိုသေခြင်း သက္ကစ္စ၊ လွန်စွာ လေး မြတ်ခြင်း ဂါရဝ၊ ကရား ပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်သည်ဖြစ် စေအပ် သောကာယကံဝစီကံဖြင့် -

"အဏုမတ္တေသု ဝဇ္ဇေသု ဘယ ဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု" [2] ဟူသောပါဠိနှင့်အညီအဏုမြူမျှ လောက် သော အပြစ်တို့ကိုမြင့်ကိုပ်ု [illegible] ကြီး စွာ နှသာ ဘေးဟု ရှု၍လေ့ရှိသည်ဖြစ်၍ငင်း

---

၁။ ဝိ၊ ၃။ ၁၃၁-၂။

၂။ ဝိ၊ ၅။ ၃၃၂-၃။ ဒီ၊ ၁၊ ၅၉။ မ၊ ၁။ ၄၃။ အံ၊ ၁။ ၆၅။

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ[1] ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ ။ ။

ဟူသော ဂါထာပါဠိနှင့်အညီအသက်ကို သေ၍လည်း စွန့်အံ့၊ လောကနာထ မြတ်စွာဘုရားသည်ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို အကျုံးမြူမျှမပျက် စေအံ့ဟူ သောသမာဒါန္တရှိသည်ဖြစ်၍လည်း ကောင်း ။

ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။
တထေဝ သီလံ အနုရက္ခမာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ[2]။ ။

ဟူသော ဂါထာပါဠိနှင့်အညီ ကိကီငှက်အမည်ရှိသော ငှက်မသည် မိမိအသက်ကိုစွန့်၍ အဥကို စောင့်ရှောက်ဘိသကဲ့သို့လည်း ကောင်း ၊ စာမရီအမည်ရှိသောသားသည် မိမိအသက်ကိုစွန့်၍အမြီးဆံကို စောင့်ရှောက်ဘိသကဲ့သို့လည်း ကောင်း ။ ချစ်လှစွာသောသားငယ်တယောက်သာရှိသောအမိသည်ထိုသားကို ကောင်းစွာ စောင့်ရှောက်သကဲ့သို့လည်း ကောင်း ၊ မျက်စိတလုံးသာရှိသောသူသည်ထိုမျက်စိကိုရိုသေစွာ စောင့်ရှောက်သကဲ့သို့လည်း ကောင်း ။

ထို့အတူအခါခပ်သိမ်း သီလကိုသာ စောင့်ရှောက်ကုန်သည်ဖြစ်၍သီလကိုသာ ချစ်မြတ်နိုးကုန်သည်ဖြစ်၍သီလကိုသာ ရိုသေလေးမြတ်ကုန်

---

၁။ ဝိသုဒ္ဓိ၊ ၁၊ ၃၅။

၂။ ဒီ၊ ဋ္ဌ၊ ၁။ ၅၆။ ဝိသုဒ္ဓိ၊ ၁။ ၃၄။

သည်ဖြစ်၍ကျင့်ရပေမည်ဟုအားထုတ်အပ်သော အာရဒ္ဓဝီရိယရှိသည်
ဖြစ်၍ စာတော်၌ ပါသော တိမ်ကောပြီး ဖြစ်သော
သိက္ခာပုဒ်တို့ကိုကား ကျောင်းနေပုဂ္ဂိုလ်တိုင်း နှုတ်တက်အာဂုံဆောင်
၍ မချွတ်မယွင်း ကျင့်ဆောင်တော်မူကြစေကုန်။

ထိုမှတပါး စာတော်၌မပါ မတိမ်ကောသေး သောဝိနည်း
ပိဋကတ်၌လာသော အလုံး စုံသော သိက္ခာပုဒ်တို့ကိုလည်း ဆိုအပ်ပြီးသော
နည်းဖြင့်သာလျှင်ရှိသေ စွာကျင့်ကြစေကုန်သတည်း ။

ဘုရားသခင်သာသနာတော်၌ ကြည်ညိုရ၍ ရဟန်းပြုကုန်
သော သဒ္ဓါ ပဗ္ဗဇိတ အာစာရကုလပုတ္တအမျိုး ကောင်းသားဖြစ်
ကုန်သော ရဟန်းသာမဏေတို့သည်

ယောပန ဘိက္ခု ဇာတရူပ ရဇတံ ဥဂ္ဂဏှေယျ ဝါ
ဥဂ္ဂဏှာပေယျ ဝါ ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ[၁] ။

ဟုဟောတော်မူသော ကြောင့် ရွှေ ငွေ ကဟာပဏ မာသက ဟုဆိုအပ်
သောလေးပါး သောနိဿဂ္ဂိယဝတ္ထုတို့ကိုလည်း ကောင်း ၊ ပုလဲ ပတ္တမြား
ကျောက်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ပတ္တမြားနီ ပတ္တမြား
ပြောက် စပါး မျိုး ၇ - ပါး ၊ ကျွန်မိန်းမ ကျွန်ယောက်ျား နွား
ကျွဲ ဒွေး ကြက် ဝက် လယ်ယာ ပန်းအရာဝင် သစ်သီး အရာဝင်
အစရှိကုန်သော ဒုက္ကဋ် ဝတ္ထုတို့ကိုလည်း ကောင်း ၊ ရှာမှီးခြင်း
ခံခြင်း ၊ အနီးထားသည်ကိုသာယာခြင်း သိုမှီး သိမ်းဆည်းခြင်း
ကိုမပြုအပ်ကုန်

---

၁။ ဝိ ၊ ၁း ၃၄၅ ။

ဃော ပန ဘိက္ခု နာနပ္ပကာရကံ ရူပိယ သံဝေါဟာရံ သမာပဇ္ဇေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ ။

ဟောတော်မူသော ကြောင့်ဆိုအပ်ပြီး သော လေး ပါး သော နိဿဂ္ဂိယဝတ္ထု ချင်း ချင်း ရောင်းဝယ်ဖလှယ်ခြင်း နိဿဂ္ဂိယဝတ္ထု ဖြင့် ပုလဲ ပတ္တမြား စ သော ဒုက္ကဋ် ဝတ္ထု တို့ကို ရောင်း ဝယ်ဖလှယ်ခြင်း နိဿဂ္ဂိယဝတ္ထု ဖြင့်ဆွမ်း ဆန် ဖျင် ပုဆိုး စ သော ကပ္ပိယ ဝတ္ထု တို့ကို ရောင်း ဝယ်ဖလှယ်ခြင်း တို့ကိုမပြုအပ်ကုန်။ ပုလဲပတ္တမြား စ သော ဒုက္ကဋ်ဝတ္ထု ချင်း ချင်း ရောင်း ဝယ်ဖလှယ်ခြင်း ။ ထိုဒုက္ကဋ်ဝတ္ထု ကိုဖြင့် ရွှေ ငွေ စ သော နိဿဂ္ဂိယဝတ္ထုတို့ကိုလည်း ကောင်း ဆွမ်း ဆန် ဖျင် ပုဆိုး သပိတ် သင်္ကန်း စ သော ကပ္ပိယဝတ္ထုတို့ကိုလည်း ကောင်း ၊ ရောင်း ဝယ်ဖလှယ် ခြင်း ကိုမပြုအပ်ကုန်။ ဆွမ်း ဆန်ဖြင့် ပုဆိုး စ သော သမဏ ပရိက္ခရာ တို့ကို ရောင်း ချ၍ ရွှေ ငွေ စ သော နိဿဂ္ဂိယဝတ္ထုတို့ကိုလည်း ကောင်း ၊ ပုလဲ ပတ္တမြား စ သော ဒုက္ကဋ် ဝတ္ထု တို့ကိုလည်း ကောင်း ခံယူခြင်းကို မပြုအပ်ကုန်။

ဃော ပန ဘိက္ခု နာနပ္ပကာရကံ ကယဝိက္ကယံ သမာပဇ္ဇေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။[၂]

ဟောတော်မူသော ကြောင့်ဆွမ်း ဆန် ဖျင် ပုဆိုး သပိတ် သင်္ကန်း စ သော ကပ္ပိယ ဝတ္ထုတို့ဖြင့် ခဝါသည်စ သော လူတို့နှင့်ကွမ်း အစ် တုံး ဘူး ကွမ်းညှပ် ကဝ ကြေး ကန့်ကူတံ ပရိုက်ကာ စ သော ကပ္ပိယ ဝတ္ထု

---

၁။ ဝိ၊ ၁၊ ၃၄၇           ၂။ ဝိ၊ ၁။ ၃၅၀။

ချင်း ချင်း ရောင်း ၀ယ်ဖလှယ်ခြင်း တို့ကိုမပြုအပ်ကုန်။

ကယဝိဉ္ဉတ္တိသိက္ခာပုဒ်၌ ကပ္ပိယဝေါဟာရကိုသိနိုင်ခက်သောကြောင့်အလိုရှိလျှင်ကပ္ပိယကာယကိုလဲလှယ် စေရမည်။

ကုလဒူသကော တိ ၁။ ပုပ္ဖေနဝါ ဖလေနဝါ စုဏ္ဏေနဝါ မတ္တိကာယ ဝါ ဒန္တကဋ္ဌေန ဝါ ဝေဠုယာဝါ ဝေဇ္ဇိကာယ ဝါ ဇင်္ဃပေသနိကေန ဝါ။

ဟူ၍ဘုရား ဟော တော်မူ သော ကြောင့် ပန်း ပေးခြင်း သစ်သီး ပေး ခြင်း ၊ ကုက္ကိုမှုံ့ပေး ခြင်း ၊ မြေညက်ပေး ခြင်း ၊ တံပူ ပေး ခြင်း ၊ ဝါး ပေး ခြင်း ၊ သလုံး မြင်း ခေါင်း ဖြင့်ဒါယကာတို့၏ အစေအပါး ကိုခံခြင်း ဟူဆိုအပ်သော ၇ စ်ပါး သောကုလဒူသကအမှုတို့ကို မပြုအပ်ကုန်။

ကေ ဝိသတိ ဝိဓံ အနေသနံ နိဿာယ ဇီဝိတံကပ္ပေတိ။ သေယျထိဒံ ဝေဠုဒါနံ ပဏ္ဏဒါနံ ပုပ္ဖဒါနံ ဖလဒါနံ ဒန္တကဋ္ဌဒါနံ မုခေါဒကဒါနံ သိနာနဒါနံ စုဏ္ဏဒါနံ မတ္တိကာဒါနံ စာတုကမျတံ မုဂ္ဂသူပျတံ ပါရိဘဋျတံ ဇင်္ဃပေသနိကံ ဝေဇ္ဇကမ္မံ ဒူတကမ္မံ ပဟိဏ ဂမနံ ပိဏ္ဍ ပဋိ ပိဏ္ဍ ဒါနာနုပ္ပ ဒါနံ အနုပဒါနံ ဝတ္ထုဝိဇ္ဇံ နက္ခတ္တဝိဇ္ဇံ ခေတ္တဝိဇ္ဇံ အင်္ဂဝိဇ္ဇန္တိ ။ ၂

ဟော တော်မူ သော ကြောင့် ဝါး ပေခြင်း ၊ သစ်ရွက် ပေး ခြင်း ၊ သစ်ပွင့် ပေး ခြင်း ၊ သစ်သီး ပေး ခြင်း အစရှိသော

---

၁။ ဝိ၊ ၁။ ၂၈၁။ ၂။ အဘိ၊ ဝိ၊ ၂၅၅။ မဟာနိ။ ၂၉၀။ ၃၉၆။

စူဠနိ။ ၂၅၈။ မိလိန္ဒ။ ၃၅၂။ မ၊ ဋ္ဌ၊ ၃။ ၄။

နှစ်ဆယ်တပါး သောအနေသနာ်အကျိုး ဝင် သောလူတို့ကိုထမင်း ကျွေး ခြင်း မုန့်ပဲ ပေး ခြင်း ၊ ဆွမ်း ဆေး တည်ခြင်း နေရာခင်း ၍အရို အသေပြုခြင်း ဗေဒင် ဟောခြင်း ဆေး ကုခြင်း ဆွေမျိုး မ တော် မဖိတ်မပင့်အပ် သော လူတို့ထံဆွမ်း သင်္ကန်း စ သော ပစ္စည်း တို့ကိုဝိစိဝိ ညတ်ပရိယာယ်ဩဘာသနိမိတ်ပြု၍ ရှာ မှီး ခြင်း လူငယ်သူငယ်ကို စေလွှတ် ၍ဆွမ်း ဆေး ဆီ ဆား တို့ကိုခံ စေခြင်း အစရှိ သော အမှုကို့ကို မပြုအပ် ကုန်။

ယာပန အာဇီဝ ဟေတု ပညတ္တာနံ ဆန္နံ သိက္ခာ
ပဒါနံ ဝိတိက္ကမဿ ကုဟနာလ ပနာ နေမိတ္တကတာ နိပ္ပေသိကတာ
လာဘေန လာဘံ နိဇိဂိသန တာနိ ဧဝမာဒီနဉ္စ ပါဝဓမ္မာနံ
ဝသေန ပဝတ္တာ မိစ္ဆာဇီဝါ ဝိကတိ၊ ဣဒံ အာဇီဝပါရိသုဒ္ဓိသီလံ။

ဟူ၍အဋ္ဌကထာဆရာမိန့်တော်မူ သော ကြောင့်အသက် မွေး ခြင်း တည်း ဟူ သော အကြောင်း ကြောင့်ပညတ် တော်မူအပ်သော ခြောက်ပါး သော သိက္ခာပုဒ်တို့ကိုလွန်ကျူး သော သူ၏အစွမ်း အား ဖြင့် ၎င်း ၊ အံ့ဩ စေ၍လာဘ်ကိုရှာမှီး ခြင်း ပစ္စည်း ရခြင်း ၏အကြောင်း ကို ပြောဆို၍လာဘ်ကိုရှာမှီး ခြင်း ဒါယကာတို့အား ပစ္စည်း လှူခြင်း၌ အမှတ်ကိုဖြစ် စေတတ် သော ကာယကံ ဝစီကံ ကိုပြု၍လာဘ်ကိုရှာမှီး ခြင်း ဒါယကာတို့၏ ကျေး ဇူး ကို ခြေ၍လာဘ်ကိုရှာမှီး ခြင်း ရအပ်ပြီး သော အနည်း ငယ် သော လာဘ်ကို ပေး သဖြင့်မရ သေး သော များ စွာ သော လာဘ်ကို တောင်း တ၍ ရှာမှီးခြင်း ဤသို့အစရှိကုန် သော

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၁၆ ။

ယုတ်မာကုန်သော သံသာတရားတို့၏အစွမ်းဖြင့်လည်း ကောင်းဖြစ်သောမိစ္ဆာဇီဝမှကြဉ်၍စင်ကြယ်စွာမှသက်မွေးခြင်းကိုပြုအပ်၏။

နဘိက္ခဝေ တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏိတဗ္ဗာ ယော ပရိယာပုဏေယျ အာပတ္တိဒုက္ကဋဿ။

နဘိက္ခဝေ တိရစ္ဆာနဝိဇ္ဇာ[၁] ဝါစေတဗ္ဗာ၊ ယော ဝါစေယျ အာပတ္တိ ဒုက္ကဋဿ။

ဤသို့ဘုရားဟောတော်မူသောကြောင့်မဂ်ဖိုလ်၏ဖီလာပြုတတ်သောတိရစ္ဆာနဝိဇ္ဇာ၌အတွင်းဝင်သောအတတ်မျိုးတို့ကိုသင်လည်းမသင်အပ်၊ သူတပါးတို့အားလည်းမပြသအပ်ထိုအမှုကိုလည်းမပြုအပ်မဂ်ဖိုလ်၏ဖီလာတိရစ္ဆာနဝိဇ္ဇာ၌အတွင်းဝင်သောအတတ်ဟူသော်ကား။

တိရစ္ဆာနဝိဇ္ဇာတိ ယံကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိတံ ဟတ္ထိအဿရထ ထရုသိပ္ပ အာထဗ္ဗဏ ခိလနဝသီကရဏ သောသာပနမန္တာဂဒပ္ပ ယောဂါဒိဘေဒံ ပရူပဃာတကရံ ဝိဇ္ဇံ[၂]။

ဟူ၍အဋ္ဌကထာဆရာဖွင့်တော်မူသောကြောင့်သာသနာတော်မှအပဖြစ်သောမဂ်ဖိုလ်တည်းဟူသောလောကုတ္တရာအကျိုးစီးပွားနှင့်မစပ်ယှဉ်သောအတတ်သည်လည်းကောင်း၊ ဆင်စီး မြင်းစီး ရထားစီး အတတ်အစရှိသောအလုံးစုံသောအတတ်မျိုးတို့သည်လည်းကောင်း။ တိရစ္ဆာနဝိဇ္ဇာ မည်ကုန်၏။

---

၁။ ဝိ၊ ၄။ ၂၀၁။ ၂။ ကင်္ခါ၊ ၅၊ ၃၃၄။

ထိုအတတ်မျိုးတို့တွင် "ယံကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိတံ" ၏ အရ ဖြစ်သော အင်္ဂါယဝ်အတတ်၌ အဆုံးအဖြတ်ကား ကြေး ငွေ မပါ သစ်မြစ် သစ်ရွက် စသော ဆေးတို့ဖြင့် သာ ပဒါး သေခြင်း ပဒါး ပြာကျခြင်း ပဒါး ခဲခြင်း စသော အတတ်တို့ကို လေ့လည်း မလေ့ကျင့်အပ်။ သူတပါးတို့အားလည်း မပြ မသအပ်။ လုပ်လည်း မလုပ်အပ်၊ လေ့ကျက်သော သူသည်လည်း ကောင်း ပြသသော သူသည်လည်း ကောင်း၊ ထိုအမှုကို လုပ်စီရင်သော သူသည်လည်း ကောင်း၊ ခွန်းတိုင်း ခွန်းတိုင်း ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်ကုန်၏။

ငွေနှင့် ကြေးကို စပ်၍ စပ်တူ အင်္ဂါယဝ်လုပ်ကုန်သော သူတို့သည်ကား လုပ်စရာ ငွေကို ခံကတည်းကပင် နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ခဲ ကြေးနီတို့ကို ငွေနှင့် စပ်၍ စဉ်းလဲသော အင်္ဂါယဝ် ငွေကို သုံးဆောင်သော အခါ ခိုးခြင်း နှစ်ဆယ်ငါးပါးတို့တွင် "ထေယျာဝဟာရ" ၌ အတွင်း ဝင်သော "ကူဋကဟာပဏာ ဟောရ" ဖြင့်ဆုံးဖြတ်အပ်၏ ကြေးနီငါး ကျပ်လောက် ငွေမွှေး ထင်စေ၍ သုံးလျှင် ပါရာဇိကအာပတ် ဖြင့်ဆုံးဖြတ်အပ်၏ဟု လိုသည်။ ထို့ကြောင့် လဇ္ဇီ ကုက္ကုစ္စကသိက္ခာကာမ ရဟန်းကောင်းတို့သည် ထိုအင်္ဂါယဝ်အမှုကို ပြုအံ့ဟူသော စိတ်ကိုမျှ မဖြစ်စေအပ် ဟူလို။

ထိုးကွင်း လက်ဖွဲ့ ခလဲ့ အင်းအိုင် ခါးပြီး လှံပြီး ဒုတိ ပြီး ထိတ်ကွက် မျက်နှစ်ပွင့် အစရှိသော အလုံးစုံသော အတတ်မျိုးတို့သည်လည်း မဂ်ဖိုလ်၏ ဖိလာ တိရစ္ဆာနဝိဇ္ဇာ လောကာယတကျမ်း၌ အတွင်း ဝင်သော ကြောင့် ရဟန်းတို့၏ အမှုမဟုတ်သော အတတ်မျိုးတို့ ချည်တည်း ။

ထို့ကြောင့်ထိုအတတ်မျိုး တို့မှလဇ္ဇီသူ တော် ကောင်း တို့သည် ဝေး စွာကြဉ် ရှောင်အပ်ကုန်၏။ ထိုအတတ်ကိုမှီ၍ရ သောပစ္စည်း ကို သုံး ဆောင် သောသူအား မိစ္ဆာဇီဝဖြစ်၏။

န ဘိက္ခဝေ ယာနေန ယာယိတဗ္ဗံ ၊ ယော ယာယေယျ[၁] အာပတ္တိဒုက္ကဋဿ၊ အနုဇာနာမိဘိက္ခဝေ ဂိလာနဿယာနံ။

ဟူ၍ ဟော တော်မူ သော ကြောင့် ခွင့်ပြုတော်မူအပ် သော အနာ ရှိသည်ကိုကြည့်၍ မနာ မဖျား သော ရဟန်း သာမ ဏေတို့သည် ပေါင်း ချုပ်ရထား လှည်း ထမ်း စင် သံလျှင် ပဆိုး သံလျှင် အစ ရှိ သော ယာဉ်တို့ကိုမ စီး အပ်ကုန်။

န ဘိက္ခဝေ ဥပါဟနေန[၂] ဂါမော ပဝိသိတဗ္ဗော ယော ပဝိ သေယျ၊ အာပတ္တိဒုက္ကဋဿ။ ဟူ၍၎င်း

အနုဇာနာမိ ဘိက္ခဝေ၊ ဂိလာနေန ဘိက္ခုနာ သဥပါဟနေန ဂါမော ပဝိသိတုံ[၃]၊ ယဿ ပါဒါ ဝါ ဖာလိတာ ပါဒ ခီလာ ဗာဓော ပါဒါဝါဒုက္ခာ။

ဟူ၍လည်း ကောင်း ဟော တော်မူ သော ကြောင့် ခြေကွဲခြင်း ၊ ခြေအသား စွန်း ထွက်၍ နာခြင်း ၊ အလွန် ခြေကြမ်း ခြင်း ၊ အလွန်ပူခြင်း တို့၏အစွမ်း ဖြင့်ဖြစ် သော ခြေဆင်း ရဲခြင်းဟု ဆိုအပ် သော ခွင့်ပြုတော်မူအပ် သော အ ကြောင်း မရှိဘဲဘိနပ်စီး ၍ ရွာတွင်း သို့မဝင်အပ်။ ခွင့်ပြုတော်မူအပ် သော အနာ၊တည်း ဟူ သော အ ကြောင်း ရှိသည်ဖြစ်၍ဘိနပ်စီး ကုန် သော ရဟန်း တို့သည်လည်း ၊

---

၁။ ဝိ၊ ၃။ ၂၀၀။ ၂။ ဝိ၊ ၃။ ၂၀၃။ ၃။ ဝိ၊ ၃။ ၂၀၃

န ဘိက္ခဝေ သဗ္ဗနီလကာ ဥပါဟနာ ဓာရေတဗ္ဗာ န သဗ္ဗ လောဟိတိကာ န သဗ္ဗ မဉ္ဇိဋ္ဌိကာ၊ န သဗ္ဗ ကဏှာ၊ န သဗ္ဗ မဟာရင်္ဂရတ္တာ၊ န သဗ္ဗ မဟာနာမရတ္တာ(၁)၊ ဥပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ ။

ဟူ၍ ပါဠိတော်၌လာ သော ကြောင့်ဘုရား အလို တော်သိ သော လက်သန်း အဋ္ဌကထာဆရာ ဓမ္မသိရိမဟာ ထေရ်မြတ်သည် ခုဒ္ဒသိက္ခာကျမ်း ၌(၂)-

သဗ္ဗနီလက ဩဒါတ၊ ပီတ လောဟိတ ကဏှကာ။
မဟာရင်္ဂ မဟာနာမ၊ ရင်္ဂရတ္တာ ဥပါဟနာ။

ဟူသော ဂါထာဖြင့်အလုံး စုံဖြူသော ဘိနပ်ကိုလည်း အနုလောမအားဖြင့် အကပ္ပိယ၌သွင်း တော်မမူသော ကြောင့်လည်း ကောင်း ၊ အလုံး စုံဖြူသော ဘိနပ်၊ အလုံး စုံညိုသော ဘိနပ်၊ အလုံး စုံရွှေ သော ဘိနပ်၊ အလုံး စုံနီ သော ဘိနပ်၊ အလုံး စုံမောင်း သော ဘိနပ်၊ အလုံး စုံမည်း သော ဘိနပ်၊ အလုံး စုံကင်း ခြေမျှား ကျောက်ကုန်း အဆင်း နှင့်တူ သော ဘိနပ်၊ အလုံး စုံဖြော့ တော့ သော အဆင်း ရှိ သော ဘိနပ်တို့ကိုအခြင်း ခပ်သိမ်း မစီး အပ်ကုန်။

န ဘိက္ခဝေ နီလ ဗဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗ န ပီတကဗဒ္ဓိကာ၊ န လောဟိတကဗဒ္ဓိကာ နမဉ္ဇဋ္ဌဗဒ္ဓိကာ နကဏှ ဗဒ္ဓိကာ နမဟာရင်္ဂ ရတ္တဗဒ္ဓိကာ နမဟာနာမ ရတ္တ(၃) ဗဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ။

---

၁။ ဝိ၊ ၃၊ ၂၀၃။ ၂။ ခုဒ္ဒသိက္ခာ၊ ဂါထာ၊ ၁၇၆။ ၃။ ဝိ၊ ၃။ ၂၀၄

ဟု ပါဠိတော်၌လာသောကြောင့် လူတို့အသုံးအဆောင်နှင့် တူသော သမဏသာရုပ္ပ မဖြစ်သော အညိုအုံ့ ရွှေ အနီ အမောင်း အမည်း ကင်းခြေမွှား ကျောက်ကုန်း အဆင်း ဖျော့တော့သော အဆင်း ရှိသော အသည်းကြိုး တတ်သော ဘိနပ်တို့ကို အချင်း ခပ်သိမ်း မစီး အပ်ကုန်။

နဘိက္ခဝေ တာလပဏ္ဏ ပါဒုကာ ဓာရေတဗ္ဗာ၊ န ဝေဠု ပဏ္ဏပါဒုကာ၊ နတိဏ ပါဒုကာ၊ နကမ္ဗလာ[1] ပါဒုကာ ဓါရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။

စသည်ဖြင့် ဟောတော်မူသောကြောင့် ထန်းပလပ်၊ ကွမ်း သီးဖတ် ဝါးဖတ် မြက်ကောဇော ကမ္ဗလာ စသည်ခံသော ဝတ္ထုတို့ သည်ဘိနပ်မဟုတ် ခြေနင်း မည်ကုန်၏။ ထိုခြေနင်းတို့ကို-

န စ ဘိက္ခဝေ ကာစိ သင်္ကမနီယာ ပါဒုကာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ - တိဿော ပါဒုကာ ဓုဝဋ္ဌာနိယာ၊ အသင်္ကမနိယာ ယော၊ ဝစ္စ ပါဒုကံ ပဿာဝ ပါဒုကံ အာစမန ပါဒုကန္တိ[2]။

ဟု ဟောတော်မူသောကြောင့် ဝစ္စကုဋီ ပဿာဝကုဋီ သန့်သက်ရေသုံး သပ်ရာ ဤသုံးဌာနတို့၌ အမြဲခင်း အပ်သော မရွေ့ ရှားကောင်းသော ခြေနင်း သုံးပါး မှတပါး တစုံတခုသော အရာတို့ ၌ ခွင့်မပြုအပ်သောကြောင့် မစီး အပ်ကုန်။

န ဘိက္ခဝေ ဂေါ စမ္မံ ဓာရေတဗ္ဗံ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ။[3]

---

၁။ ဝိ၊ ၃။ ၂၇၈။ ၂။ ဝိ၊ ၃။ ၂၇၉။ ၃။ ဝိ၊ ၃။ ၂၈၂

ဟူ၍ ဟောတော်မူသောကြောင့်နှင့် ရေဖြင့်ပြုလုပ်သော စမ္မခံကိုမဆောင်အပ်။

နဘိက္ခဝေ ဆတ္တံ ဓာရေတဗ္ဗံ ယောဓာရေယျ အာ[၁]ပတ္တိဒုက္ကဋဿ အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဆတ္တံ ဓာရေတုံ

အစရှိသည်ဖြင့် ဟောတော်မူအပ်သောကြောင့်ကိုယ်ပူခြင်း မျက်စိနာခြင်း၊ သည်းခြေနာရှိခြင်း အစရှိသောအနာတည်းဟူသောအကြောင်း မရှိပဲထီး မဆောင်အပ်။

နဘိက္ခဝေ နစ္စံဝါ ဂီတံဝါ ဝါဒိတံဝါ ဒဿနာယဂန္တဗ္ဗံ ယော ဂစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ။[၂]

ဟူ၍ ဟောတော်မူသောကခြင်း သီခြင်း တီးမှုတ်ခြင်း နှင့်စပ်သောဆိုင်းကခြေ ရုပ်သေး ဇာတ်ဘုံ့ရှည်အစရှိသောအလုံးစုံ သောသဘင်မျိုးတို့ကို မိမိပယောဂဖြင့်လည်း မယှဉ်စေအပ်ကုန်။ ဥဒေါင်းကခြင်း မှစ၍ မိမိပယောဂမဟုတ်ပဲအလိုလိုယှဉ်နှင်ပြီးသော တိုကခြင်း သီခြင်း တီးမှုတ်ခြင်း တို့ကိုကြည့်ရှုအပ်နား မထောင်အပ်ကုန်။

ဝိသူက ဒဿနန္တိ ကိလေသုပ္ပတ္တိ ပစ္စယတော ကုသလပက္ခ ဘိန္ဒနေန ဝိသူကာနံ ဒဿနံ ဝိသူက ဘူတံဝါ ဒဿနံ။[၃]

အစရှိသည်ဖြင့်ခုဒ္ဒကပါဌ အဋ္ဌကထာ လာရကား ရာဂ အစရှိသောကိလေသာဖြစ်ခြင်း၏အကြောင်း ဖြစ်သောအားဖြင့်

---

၁။ ဝိ၊၄။၂၆၉။ ၂။ ဝိ၊၄၊၂၇၃

၃။ ခုဒ္ဒကပါဌအဋ္ဌကထာနှာ-၂၆

ကုသိုလ်၏အဖို့ကို ဖျက်ဆီး တတ် သော ကြောင့်ဘုရား အဆုံး မတော်သော သာသနာ တော်၏ဆန့်ကျင်ဘက်ဆူး ငြောင့်တသင်း သဖွယ်ဖြစ် သောသဘင် ခံခြင်း ဘာရတရာမမင်း အစရှိသည်တို့၏အစီအရင်စသည်ကို ပြောဆို ရာနာခံခြင်း လက်ခုတ်တီး ခြင်း စည်ပုတ်တီး ခြင်း အိုး စည်တီး ခြင်း ကခြေသည်တို့ ကစေခြင်း သံချောင်း ကစား ခြင်း အရိုး ဆေး ကစား ခြင်း ဝါး ထောင်ကစား ခြင်း ဖဲရိုက်ကစား ခြင်း အံစာပြစ်ကစား ခြင်း စစ်တုရင်ကစား ခြင်း ဆင်တိုက်ခြင်း မြင်းတိုက်ခြင်း ကျွဲ တိုက်ခြင်း နွားတိုက်ခြင်း ဆိတ်တိုက်ခြင်း သိုး တိုက်ခြင်း ကြက်တိုက် ခြင်း ခါတိုက်ခြင်း ငုံး တိုက်ခြင်း ကျေးသားရိုက်ခြင်း ဒုတ်ပေါက် ခြင်း လက်ဝှေ့သတ်ခြင်း လက်ပန်းလုံး ခြင်း စစ်ထိုး ခြင်း ဗိုလ် ရေတွက်ခြင်း စစ်သည်စုခြင်း ဆင်သည် မြင်းသည် ရထားသည် ခြေသည် တို့ကိုကြည့်ရှုခြင်း မီး ဖြူ မီး ဝါ မီးရွှေ မီး လင်းမွှေ မီး ဥပါ မီး စက် မီး ပိတုန်း စသော မီး ပြန် စက်ပြန် မီး အိမ် ပြန် တို့ကိုလွှတ်ခြင်း ဒိုး ရှိခြင်း ပြောက်ခွဲခြင်း အစရှိသောအလုံး စုံ သောအမှုသည်ဝိသုကမည်၏။

ထိုဝိသုကမည်သောအမှုတို့ကိုကြည့်ရှုနာခြင်း သည်ဝိသုက ဒဿနမည်၏၊ အလုံး စုံ သော အကမျိုး အသီမျိုး ဝိသုကမျိုး တို့ကို ကြည့်ရှု နာခံခြင်း မှ ကြဉ်ရှောင်ခြင်း သည် နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနာ ဝေရာမဏီ မည်၏။

ထို့ကြောင့်လင်္ကာ ပေသကသိက္ခာကာ မဖြစ်ကုန် သောရဟန်း၏ ကောင်း တို့သည်သာသနာ တော်၏ဆန့်ကျင်ဘက်ဖြစ်ကုန် သောဆိုအပ်

ပြီး သောဲ အလုံး စုံ သော အမှုတို့မှ ဝေး စွာကြဉ် ရှောင်အပ်ကုန်၏။[1]

"နာဝါယ ကိန္နတော ဒုက္ကဋံ" ဟုအဋ္ဌကထာ မိန့် သောကြောင့်မြစ်နား ရဟန်းတို့သည် လှော် လှေကိုပြုပြင်၍ကစား လို သော စိတ်ဖြင့်ထိုမှဤမှ မသွား လာအပ်။

ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿ။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋဿ။

ဟူ၍လည်း ကောင်း ။

အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ သတိ ပစ္စယေ ပရိဘုဉ္ဇတိ။

ဟူ၍လည်း ကောင်း

ဤပါဠိတို့ကို ဝိကာလဘောဇနသိက္ခာပုဒ်၏ပဒဘာဇနီ[2]၌ ၎င်း၊ သန္နိဓိကာရကသိက္ခာပုဒ်၏ပဒဘာဇနီ[3]၌ ၎င်း၊ ဤပါဠိနှစ်ရပ်တို့၌အတူတူပင် လာ တော်မူ သော ကြောင့်ယာဝဇီဝိကဖြစ် သော ထို နေ့ အကပ်ခံအပ် သော ကွမ်း ဆေး တို့ကို နေလွဲအခါအနာကည်း ဟူ သော အကြောင်း မရှိဘဲသုံး ဆောင်ခြင်း ငှာအကပ်ခံခြင်း ၌ ၎င်း ၊ မျိုတိုင်း မျိုတိုင်း ၌ ၎င်း ဝိကာလဘောဇနသိက္ခာပုဒ်၏အနုရာပတ် ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။

ရှေး နေ့၌အကပ်ခံအပ်ပြီး သော ကွမ်း ဆေး တို့ကို နံနက် အခါ၌အနာကည်း ဟူ သော အကြောင်း မရှိဘဲအဟာရအလို့ငှာ

---

၁။ ကင်္ခါ၊ ၂၃၉။ ၂။ ဝိ၊ ၂။ ၁၁၆။ ၃။ ဝိ၊ ၂။ ၁၁၇

အကပ်ခံခြင်း ၊ မျိုခြင်း တို့၌ သန္နိဓိကာရကသိက္ခာပုဒ်၏ အနတ္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏ ။ ထိုကွမ်း ဖက်ကွမ်းသီး ဖက် ဆေးဖက် မကောင်းသော ခံတွင်း ဖြင့် ဆွမ်း စ သော အာမိသကို စား သော အခါ မျိုတိုင်း မျိုတိုင်း သန္နိဓိ ပါစိတ်အာပတ်သင့်၏ ။

ဆွမ်း စား ပြီး လျှင် အာမိသ မကောင်း သော ခံတွင်းဖြင့် ကွမ်း ဆေး တို့ကို သုံး ဆောင် သော အခါ၌ လည်း မျိုတိုင်း မျိုတိုင်း သန္နိဓိ ပါစိတ်အာပတ်သင့်၏ ။ နေလွဲ သော အခါ ရှေး နေ့၌ အကပ်ခံအပ်ပြီး သော ကွမ်း ဆေး တို့ကို အနာ ဖျည်း ဟု သော အကြောင်း မရှိဘဲ သုံး ဆောင်ခြင်း ငှာ အကပ်ခံခြင်း မျိုခြင်း တို့၌ သိက္ခာပုဒ် နှစ် ခု တို့ဖြင့် ဒုက္ကဋ်အာပတ် ၂ ချက် စီ သင့်၏ ။ ထို့ ကြောင့် နံနက်အခါ၌ ကွမ်း ဆေး တို့ကို သုံး ဆောင်လိုကုန် သော လဇ္ဇီကုက္ကုစ္စကသိက္ခာကာမ သူ တော် ကောင်းအ ပေါင်း တို့သည် ထို နေ့ အကပ်ခံ အပ် သော ဝတ္ထုကိုသာ သုံး ဆောင်အပ်၏ ။

အခိုး တံ ဆေး လိပ် တို့ကို ကား —

တေန ခေါ ပန သမယေန အာယသ္မတော ပိလိန္ဒဝစ္ဆဿ သီသာဘိတာပေါ ဟောတိ ။

အစ ရှိ သည် ဖြင့် ပါဠိလာ သည်နှင့် အညီ ဥ ကျောင်း ပု သော အနာ ကုတ်ဟီး ချောင်း ဆိုး ကြီး နာ ထိပ်ကန် နာ စ သော အနာ ရှိ သော် အခါ၌ သာ ခွင့်ပြု တော်မူ သော ကြောင့် ငှင်း ၊ ကာမဂုဏ်စည်း စိမ် ကို ခံစား ကုန် သော လူ တို့၏ အမှုအရာ နှင့်တူ သည် ဖြစ်၍ သမဏသာရုပ္ပ

---

၁။ ဝိ ၊ ၃။ ၂၉၆ ။

မဖြစ်သော ကြောင့်လည်း ကောင်း ၊ အခါခပ်သိမ်း မအပ်ဟုကျမ်းဂန် အရာ၌လိမ္မာကျွမ်း ကျင်ကုန် သောသက်ကယ်ခြင်း ဆရာ တော်သဲအင်း ဆရာ ကော်စ သောဆရာမြတ်တို့သည်ဆုံး ဖြတ် တော်မူကြကုန်သည်။

ထိုအနာ ရှိ သောအခါ၌လည်း ။

ဘိက္ခု ဓူမ ဝဋ္ဋိံ ပဋိဂ္ဂဟေတွာ ဓူမံ ပိဝတိ၊ မုခဉ္စ ကဏ္ဍာစ မနော သိလာယ လိတ္တာဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ ၊ ယာဝကာလိကေန ယာဝဇီဝိက သံသဂ္ဂေ ဒေါသော နတ္ထိ၊ ပဏ္ဏံဝါ ရဇနံဝါ ပစန္တဿ ကဏ္ဏနာသ မုခ ဆိဒ္ဒေဟိ ဓူမော ပဝိသတိ။ ဗျာဓိပစ္စယာ ပုပ္ဖံ[1]ဝါ ဖလံဝါ ဥပသိင်္ဃတိ အဗ္ဗောဟာရိကတ္တာ ဝဋ္ဋတိ။ ။ အဋ္ဌကထာ ။

ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂဟေတွာ၊ တေနေဝ ယာဝကာလိကေန ယာဝဇီဝိက သံသဂ္ဂေ ဒေါသော နတ္ထိ ဣတိ ဝုတ္တံ သစေပန ပုရိမ ဒိဝသေ ပဋိဂ္ဂဟေတွာ ဌပိတာ ဟောတိ၊ သာမိသေန မုခေန တာသာ ဝဋ္ဋိယာ ဓူမံ ပိဝိတုံ န ဝဋ္ဋတိ[2]။ တေရသကဏ္ဍဋီကာ

ဘုဉ္ဇိတုံ[3] ဝဋ္ဋတီတိ ဓူမ ဝဋ္ဋိယာ တဒဟု ပဋိဂ္ဂဟိတတ္တာ ဝုတ္တံ။ ဝိမတိ။

ဤသို့အဋ္ဌကထာ၊ ဋီကာကျမ်း ဂန်လာ သော ကြောင့်လည်း ကောင်း ရှေး နေ့၌အကပ်ခံအပ်ပြီး သောအခိုး တံဆေး လိပ်တို့ကို သုံး ဆောင်သည့်ရှိသော်ကွမ်း ဆေး၌ဆိုအပ် ခဲ့ပြီး သောအဆုံး အဖြတ်ဖြင့်အာပတ်သင့်၏ဟုမှတ်အပ်၏။ ထို့ကြောင့်သာ၍ ပဗ္ဗဇိတ အာစာရ

---

၁။ ဝိ၊ ၄၊ ၃၊ ၁၁၉။ ၂။ သာရတ္ထ၊ ၃၊ ၇၅။ ၃။ ဝိမတိ၊ ၂၊ ၃၈

ကုလ ပုတ္တ ဖြစ်ကုန် သော ရဟန်း သာမဏေတို့သည် စား နေကြ၊ သောက် နေကြဖြစ်၍ ခံတွင်း ချဉ်ချဉ်ရှိတိုင်း အနာဟုယမယ်ဖွဲ့၍ နေလွဲအခါကွမ်း ဆေး အခိုး တံ ဆေး လိပ်တို့ကို မသုံးဆောင်အပ်ကုန်။

န ဘိက္ခဝေ ဥစ္စာသယန မဟာသယနာနိ ဓာရေ တဗ္ဗာနိ၊ သေယျထိဒံ၊ အာသန္ဒိ ပလ္လင်္ကော ဂေါနကော စိတ္တကော ပဋိကာ ပဋလိကာ တူလိကာ ဝိကတိကာ ဥဒ္ဒလောမိ ဧကန္တလော မိ ကဋ္ဋိဿံ ကောသေယျံ ကုတ္တကံ ဟတ္ထတ္ထရံ အဿတ္ထရံ ရထတ္ထရံ အဇိနပ္ပဝေဏိ ကဒလိမိဂပဝရ ပစ္စတ္ထရဏံ သဥတ္တရစ္ဆဒံ ဥဘတော လောဟိတ ကူပဓာနံ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။

ဤသို့ ဒေဟာ တော်မူအပ် သော မဟာသယနအ ပေါင်း တို့ တွင် ပဋိလိကာတိ ယန ပုပ္ဖ ကော ဥဏ္ဏာမယ လောဟိတတ္ထရ ကော ယော အာမလကပဋ္ဋောတိ ပိဝုစ္စတိ။

ဟုအဋ္ဌကထာ မိန့်သော ကြောင့် ယခုအခါသုံး ဆောင်ကြ သော ပြောက်ကျား သောတရုပ် ကော်ဇော သော်ာ ကော်ဇောတို့ ကိုပဋလိကအခင်း ဟုမှတ်အပ်ကုန်၏။ ထို ပြောက်ကျား သောတရုပ် ကော်ဇော သော်ာ ကော်ဇောတို့ကို၎င်း တို့မှတပါး အလုံး စုံ သော မဟာသယနတို့ကို၎င်း ။

ဂေါနကာဒီနိ သံဃိကဝိဟာရေ ဝါ ပုဂ္ဂလိကဝိဟာရေ ဝါ မဉ္စပိဌေသု အတ္ထရိတွာ ပရိ ဘုဉ္ဇိတုံ န ဝဋ္ဋတိ။

---

၁။ ဝိ၊ ၃။ ၂၈၁။ ၂။ ဝိ၊ ဋ္ဌ၊ ၃၊ ၃၆၉။ ဝိ၊ သင်္ဂဟ၊ ၄၅၂။ ၃။ ဝိ၊ ဋ္ဌ၊ ၄၊ ၄၇၆

ဟုအဋ္ဌကထာ မိန့်ရကား သြော စောင်း အင်း ပျဉ် ပေါက္ခ ခင်း ၍ မိသုံး ဆောင် ကောင်း ဟုမှတ်ရမည်။

အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ တီဏိ အာသန္ဒိံ ပလ္လင်္ကံ တူလိကံ ဂိဟိ ဝိကတံ အဘိနိသီဒိတုံ၊ န တွေဝ အဘိနိပဇ္ဇိတုံ။[၁]

ပါဠိတော်လာသော ကြောင့်၎င်း၊

အာသန္ဒာ ဒိတ္တယံ ဌပေတွာ အဝသေသေသု၊ ဂေါနကာ ဒီသုဂိဟိက ဝေသု ဓမ္မာသနေဝါ ဘတ္တဂ္ဂေဝါ အန္တရ ဃရေဝါ နိသီဒိတုံ ဝဋ္ဋတိ၊ နိပဇ္ဇိတုံ န ဝဋ္ဋတိ။[၂]

ဟု အဋ္ဌကထာ ဖွင့်သော ကြောင့်၎င်း၊

ဘိက္ခူဟိ အနာ ဏတ္တာ အာရာမိကာ ဒယော သယ မေဝ ပည ပေန္တိ စေဝ နီဟရန္တိ စ၊ ဧတံ ဂိဟိဝိကတနီဟာရံ နာမ ဣမိနာ ဂိဟိဝိကတနီဟာရေ န ဝဋ္ဋတိ။[၃]

ဟုဋီကာဆို သော ကြောင့်၎င်း ၊ အာသိန္ဒိ ပလ္လင်္ကံ တူလိက ဟူသုံး ပါး တို့ကိုအလျှင်ပယ်ပြီး ၍ ကြွင်း သော သောဏကစ သော မဟာသယနတို့ကို ဓမ္မာသန ၊ ဘတ္တဂ္ဂ ၊ အန္တရဃရ ၊ ဟူသုံး ဌာနတို့၌ ရဟန်း တို့မ စေ မခိုင်း ဘဲလူတို့အလိုအ လျောက်ခင်း ၍ သို့မှီး ခြင်း ဟု ဆိုအပ် သော ဂိဟိဝိကတနီဟာရပရိဘောဂဖြင့်ထိုင်ခြင်း ငှာ အပ်၏ ၊ ထိုသုံး ဌာနတို့၌လည်း အိပ်ခြင်း ငှာ မအပ်။

---

၁။ ဝိ ၊ ၄ ၊ ၃၁၃။

၂။ ဝိ ၊ သင်္ဂဟ။ ၄၅၃။ ၃။ ဥဒ္ဒသိက္ခာ ၊ ဋီ ၊ ၁၅၀။

ဓမ္မာသနာ ဒီ ပ.ဒေသ နိယာမေန တတော အညတ္တ ဂဟိတိ ပညာ (၁) ဏ္ဏာပိ တတ္တ နိသိဒိတုံ န ဝဋ္ဋတီတိ ဗုတိ ရေက တော ဝိညာယတိ။

ဟုဋီကာဆိုသော ကြောင့်၄င်း ၊ ထိုသုံး ဌာနတို့၌လျှင် ရဟန်း တို့ပ ယော ဂဖြင့်ခင်း ခြင်း သိုမှီး ခြင်း ကိုပြု၍သုံး ဆောင် ခြင်း ဟုဆိုအပ် သော ပုဂ္ဂလိကပရိ ဘောဂ သံဃိကပရိ ဘောဂ မအပ်ဟု မှတ်ရမည်။

အနုဇာနာမိဘိက္ခဝေ ပဉ္စတ္တရိယာ ပရိဘုဉ္ဇိတုံ ဘူမိ ဝါ ဘူမတ္တရဏ ဿောကာသံ ဝါ သံဃိက မဥ္စပီဌ ဝါ အညာ (၂) ဿာ သင္ကာေန ပဉ္စတ္တရ ဏာေန ပဉ္စတ္တရိယာ ဝ နိပဇ္ဇိတုံ။

• အဋ္ဌကထာဖွင့်သော ကြောင့် ၄င်း ၊ ပုဂ္ဂလိကဖြစ်စေ၊ သံဃိကဖြစ်စေ၊ အကံတေ ဟသိပ ဒါး စသည်တို့ဖြင့်အ ပြေအပြစ်ပြုအပ် သော မြေအရပ်ကို၄င်း ။ ဝေါဟာကအခင်း အစရှိ သော မဟာသယန ဖြစ် သော ညောင် စောင်း အင်း ပျဉ်ကို၄င်း ။ မိမိဥစ္စာဖြစ် သော ကဗ္ဗိယ ပဉ္စတ္တရဏ ဖြင့်လွှမ်း ၍သာအိပ် ကောင်း နေ ကောင်း ၏ဟု မှတ်ရမည်။

န ဘိက္ခဝေ သဗ္ဗ ပိတကာ (၃) နိ စီဝရာ နိ ဓာ ရေတဗ္ဗာ နိ ယော ဓာ ရေယျ ၊ အာပတ္တိဒုက္ကဋဿ။

ဟုပါဠိ တော်လာ သော ကြောင့် (၄) ၄င်း ။ ... ကြည့် တိုက်

ပိတကာယကိကာရပုပ္ဖဝဏ္ဏာ ။ ... ရန်ကုန်။

---

၁။ကျမ်းကိုးမ ... (၂)ဝိ၊ ၃၊ ၄၊ ဂရ (၃)ဝိ၊ ၃၊ ၄၊ ၂၃ (၄)ဝိ၊ ၃၊ ၃၊ ၃၆ရ
သိ ... ၁၀၀

ဟု အဋ္ဌကထာ ဖွင့်တော်မူ သော ကြောင့်၎င်း ၊ ဖဲ သက်န်း ၊ ကတ္တီပါသက်န်း တို့သည်မဟာ လှေခါး ပွင့်ထက်မက အညို အရွှေ အနီ အမောင်း စသော လေးရောင် ငါးရောင် ဖြေရကား အရောင်အား ဖြင့်လည်း မအပ်ကုန် ၊ ဆိုး ရည်အား ဖြင့်လည်း မအပ် သော ဆိုး ရည်ဟူ၍လည်း မသိ ။

နဘိက္ခဝေ သဗ္ဗ လောဟိတကာနိ စီဝရာနိ[1] ဓာရေ တဗ္ဗာနိ ၊ ယော ဓာရေယျ ၊ အာပတ္တိ ဒုက္ကဋဿ ။

ယူ၍ ဟော တော်မူ သော ကြောင့်၎င်း[2]

လောဟိတကာ ဇာယကုသုမ ပုပ္ဖဝဏ္ဏာ ။

အဋ္ဌကထာ ဖွင့် သော ကြောင့်၎င်း ပိတ်နီသည်လယ် ခေါင်ရမ်း ပွင့်ကဲ့သို့ နီမြန်း သောအရောင်ရှိ သော ကြောင့်လည်းကောင်း ဆိုး ရည်အား ဖြင့်ပယ် တော်မူအပ် သော ပေါက်ကွင့်ဆိုး သော ကြောင့် ၎င်း မအပ် ။

န ဘိက္ခဝေ သဗ္ဗမဟာနာမ ရတ္တာနိ စီဝရာနိ[3] ဓာရေတဗ္ဗာနိ ၊ ယော ဓာရေယျ ၊ အာပတ္တိ ဒုက္ကဋဿ ။

ဟု ဟော တော်မူ သော ကြောင့် ၎င်း ။

မဟာနာမ ရတ္တာ သမ္ဘိန္န ဝဏ္ဏာ ဟောတိ[4] ပဏ္ဍုပလာသ ဝဏ္ဏာ ။ ကုရုန္ဒိယံ ပန ပဒုမ ပုပ္ဖဝဏ္ဏာ တိ ဝုတ္တံ ။

---

၁။ ဝိ၊ ၃။ ၄၂၃။ ၂။ ဝိ၊ ၅၊ ၃။ ၃၆၇။

၃။ ဝိ၊ ၃။ ၄၂၃။ ၄။ ဝိ၊ ၅၊ ၃၊ ၃၆၇။

ဟုအဋ္ဌကထာဖွင့်သော ကြောင့်၄င်း ၊ နန္ဒွင်းဆိုး ထိုင်၍ သိတင်းဆိုး ဖောက်၍ရက်သော ပိုးသက်န်း သည့်ဆိုး ရည်အား ဖြင့် နန္ဒွင်းပါသော ကြောင့်၄င်း ၊ အရောင်အားဖြင့် အနီ အဝါ ရော၍ ဖျော့တော့သော အဆင်းရှိသော ကြောင့်၄င်း မအပ်။

နဘိက္ခဝေ သဗ္ဗမဟာရင်္ဂ ရတ္တာနိ ဓာရေတဗ္ဗာနိ ယောဓာရေယျ၊ အာပတ္တိဒုက္ကဋဿ။

ဟုပါဠိတော်လာ သော ကြောင့်၄င်း
"မဟာရင်္ဂရတ္တာ သတပဒိပိဋ္ဌိဝဏ္ဏာ"[၂]
ဟုအဋ္ဌကထာဖွင့်သော ကြောင့်၄င်း သိတင်း သိသက်သက် နီလွန်း အောင်ဆိုး သောသက်န်း သည်ဆိုး ရည်အား ဖြင့်မပယ်အပ် သော်လည်း အဆင်း အရောင်အား ဖြင့်ကင်း ခြေများ ကျောက်ကုန်း အဆင်း ထက်မကနီမောင်း သောအရောင်ရှိသော ကြောင့်အရောင် အား ဖြင့်ပယ်တော်မူသည်။

ထို့ကြောင့်ဝိနည်း သိက္ခာပုဒ်အလိုလိုက်တတ်ကုန်သော လဇ္ဇီကုက္ကုစ္စကသိက္ခာကာမ ဖြစ်ကုန်သောရဟန်း သူတော်ကောင်း တို့သည် ဖဲကဏ္ဍိပါ ပိတ်နီ ပိုးသက်န်း တို့ကိုသုံး ဆောင်ခြင်း မှကြည် ရှောင်အပ်ကုန်၏။

ယောပန ဘိက္ခု သင်္ဃ ဘိက္ခုံ အနာပုစ္ဆာ ဝိကာလေ ဂါမံ ပဝိသေယျ အညတြ တထာရူပါ အစ္စာယိကာ ကရဏီယာပါစိတ္တိယံ။[၃]

---

၁။ ဝိ၊၃၊၄၂၃။ ၂။ ဝိ၊ ၅၊ ၃၊၃၆၇။ ၃။ ဝိ၊ ၂။ ၂၁၅

ဟု ဟော တော်မူ သော ကြောင့်ထင်ရှား ရှိ သော ရဟန်း ကို မပန်ကြား မူ၍ နေလွှဲအခါ ရှောင်တခင်ပြုအပ် သောအမှုမရှိပဲရွာ တွင်း သို့မဝင်။

နဘိက္ခဝေ ပဉ္စဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေ တဗ္ဗော ယော ပဗ္ဗာဇေယျ အာပတ္တိဒုက္ကဋဿ။

ဟု ဟော တော်မူ သော ကြောင့်နူနာအိုင်နာ မွေး ညှင်း တင်းတိပ်နာ ချောင်း ဆိုး ကြီး ကုတ်ဟိုးနာ သည်း ခြေပျက်၍ ရူး သော အနာ ဘီလူး ဖမ်း ၍ ရူး သောအနာ၊ ဤအနာ ငါး ပါး တို့ဖြင့်နှိပ်စက် သောသူကိုရှင်ရဟန်း မပြုအပ်။

န ဘိက္ခဝေ ဟတ္ထစ္ဆိန္နော ပဗ္ဗာဇေတဗ္ဗော ၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ၊ န ပါဒစ္ဆိန္နော န ကဏ္ဏစ္ဆိန္နော န နာသစ္ဆိန္နော န ခုဇ္ဇော န ဝါမနော န ပရိသဒူသကော န ကာဏော န ကုဏီ န ခဉ္ဇော န ဇရာ ဒုဗ္ဗလော န မူဂေါ န ဗဓိရော၊ ပဗ္ဗာဇေတဗ္ဗော ယော ပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ ။

စသည်ဖြင့် ဟော တော်မူ သော ကြောင့်လက်ပြတ် သော သူ၊ ကုန်း သော သူ၊ ကွ သော သူ၊ အလွန်နိမ့်လွန်း ၊ မြင့်လွန်း ၊ ဖြူလွန်း သည်ဖြစ်၍ ပရိသတ်ကို ဖျက်ဆီး တက် သော သူ၊ မျက်စိတဘက်ကန်းသော သူ လက် ခြေ ကောက် သော သူ၊ ခွင် သော သူ၊ အို၍အား နည်း ပြီးသော သူ၊

---

၁။ ဝိ၊ ၃၊ ၁၀၃။ ၂။ ဝိ၊ ၃။ ၁၂၆-၇။

အို၍အား နည်း ပြီး သောသူ၊ အုသောသူ၊ ဆွံ့သောသူ၊ နား ပင်းသောသူ၊ အစရှိ သောမြင်ကုန် သောသူတို့အား သဒ္ဓါကြည်ညိုခြင်း ကိုမဖြစ်စေတတ် သည်ဖြစ်၍ ပရိယတ်ကိုဖျက်ဆီး တတ် သော ပဗ္ဗဇ္ဇာ ဒေါသမှ မကင်း မလွတ် သောသူတို့ကိုရှင်ရဟန်း မပြုအပ်ကုန်။

ထိုဆိုအပ်ခဲ့ပြီးသော ပရိသ ဒူသက ပဗ္ဗဇ္ဇာ ဒေါသမှ လွတ် သောရှင်လောင်း တို့ကိုလည်း သရဏဂုဏ်သီလတို့၌ နိဂ္ဂဟိတန္တ မကာရန္တ တို့ကို နေရာကျ အောင် လေ့လာ စေပြီး၍ ပစ္စဝေက္ခဏာ လေးပုဒ် လိန်ဆယ်ပါး ဒဏ်ဆယ်ပါး တို့ကိုပါဠိအနက်နှုတ်တက်အာဂုံရှိ စေပြီး မှဆရာ ဖြစ်သောသူလည်း နိဂ္ဂဟိတန္တ မကာရန္တ သိထိလ ဓနိတ တို့၌ ဌာန် ကရိုဏ်း ကျအောင် လေ့လာပြီး၍ ဥဘတောသုဒ္ဓိ၏အစွမ်းဖြင့် ရှင် ပြုကြကုန်၏။

ဤဆိုအပ်ပြီး သောအလုံး စုံ သောသိက္ခာပုဒ်တို့သည်ကျမ်း ဂန်ထင်ရှား ရှိလျက်ယခုအခါအမှတ်မထင်လွန်ကြူး ကျော်နင်း၍ပြုကျင့် ကြကုန်သဖြင့်တိမ် ကောပြီး သောသိက္ခာပုဒ်တို့သာတည်း ။ ဤမှတပါး သော အလုံး စုံ သောသိက္ခာပုဒ်တို့၌လည်း ကောင်းစွာ ဆောက်တည်၍အကုမြဲမြံ သောအပြစ်ကို ဘေး ဟုရှု လေ့ရှိသည်ဖြစ်၍ ကျင့်အပ်ကုန်၏။

ဤဆိုအပ်ပြီး သောအလုံး စုံ သောသိက္ခာပုဒ်တို့ကိုတစုံ တယောက် သောရဟန်း ပုဏ္ဏား မင်း စသည်တို့၏အမိန့်တော်ဟု အယောနိသော မနသိကာရ မသင့်သောအား ဖြင့်နှလုံး မသွင်းမူ၍သုံး လူထွင်ထား မြတ်စွာဘုရား သည်သဗ္ဗညုတ ရွှေဥာဏ်တော်ဖြင့်

ရွှေနှလုံး တော်မှထုတ် တော်မူ၍ ရွှေနှုတ် တော်ဖြင့်မြွက် တော်မူ၍ ပညတ် တော်မူအပ် သောသိက္ခာပုဒ် တော်ချည်တည်း ၊ ဟူ ယောနိသော မနသိကာရအသင့်အား ဖြင့်နှလုံး သွင်း ၍ရှိ သေစွာလိုက်နာ၍ကျင့် အပ်ကုန်၏ ။

ထိုသို့ရှိ သေစွာလိုက်နာ၍ကျင့် သောသူယည်သာသနာ တော် ဦးကြည်ညိုရောင် ဆောင်၍ရဟန်း ပြုပြီး လျှင်ဘုရား ပညတ် တော်မူ အပ် သောသိက္ခာပုဒ် တော်ကိုလွန်ကြူး ကျော်နင်း ဖျက်ဆီး တတ် သော ကြောင့်သာသနာ ဖျက်အလဇ္ဇီဒုဿီလပုဂ္ဂိုလ် မည်၏ ။ ထို့ ကြောင့်ဆိုအပ်ခဲ့ ပြီး သောအလုံး စုံ သောသိက္ခာပုဒ်တို့ကိုဖြူစင်စွာသုတ်သင်၍ကျင့်အပ်၏

ထိုသို့သိက္ခာပုဒ် တော်ကိုဖြူစင်စွာသုတ်သင်၍ကျင့်ခြင်း မည်သည်ကား နှစ်ပါး သောအ ကြောင်း ကြောင့်သာထျင့်နိုင်သည်၏ အဖြစ်ကိုပြခြင်း ငှာဗုဒ္ဓမတညူ အဋ္ဌကထာဆရာမြတ်တို့သည် ။

တံပနေတံ ဝေါဒါနံ ဒွိဟာ ကာရေတိ သမ္ပဇ္ဇတိ သီလဝိပတ္တိယာ အာ[1]ဒီနဝ ဒဿနေန စ ၊ သီလ သမ္ပတ္တိယာ အာနိ သံသ ဒဿနေနစ ။

အဓိပ္ပါယ်ကား =သီလကိုဖြူစင်စွာသုတ်သင်၍ကျင့်ခြင်း မည်သည်ကား နှစ်ပါး သောအ ကြောင်း ကြောင့်သာတတ်နိုင်၏ ။ နှစ်ပါး သောအ ကြောင်း တို့ဟူသည်အဘယ်သည်တို့နည်း ဟူမူကား ၊ သီလပျက် စီး ခြင်း ၏အာဒီနဝအဖြစ်ကိုမြင်သဖြင့်ထိုအပြစ်မှလွတ်အောင်ကြဉ် ရှောင်သည်လည်း တပါး ။

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၅၁။

သီလဖြူစင်ခြင်း၏အာနိသံသအကျိုး ဆက်ကိုမြင်သဖြင့်ထို အကျိုးအာနိသင်နှင့်ပြည့်စုံအောင် စောင့်ရှောက်သည်လည်း တပါး ။

ဤနှစ်ပါးသောအကြောင်းကြောင့်သာလျှင်သီလကိုဖြူစင် စွာသုတ်သင်၍ကျင့်ခြင်း ၄ ပါးစွမ်း နိုင်ကုန်၏။ ထိုနှစ်ပါးတို့တွင်သီလ ပျက်စီးခြင်း၏အာဒီနဝအဖြစ်ကို။

ဘဂဝတာ သီလဝန္တဿေဝ ပစ္စယာ အနုညာတာ န ဒုဿီလဿ၊ တသ္မာ ဒုဿီလဿ သံဃမဇ္ဈေပိ ပရိဘောဂေါ ထေယျ ပရိဘောဂေါ နာမ ဟောတိ။[၁]

ဟူသောပါဠိဖြင့်လည်း သိအပ်၏။

အဓိပ္ပါယ်ကား -မြတ်စွာဘုရားသည်သီလနှင့်ပြည့်စုံသော သီလဝန္တပုဂ္ဂိုလ်အား သာလျှင်ချစ်သားရဟန်းတို့ဒါယကာတို့သဒ္ဓါ၍လှူ သောဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေးပါးတို့ကိုခံ၍သုံး ဆောင်ကြကုန် လောဟုခွင့်ပြုတော်မူကုန်၏။ သီလပျက်စီး သောဒုဿီလ ပုဂ္ဂိုလ်အား ခွင့်ပြုတော်မမူအပ်ကုန်။

ထို့ကြောင့်သီလပျက်စီး သောအလဇ္ဇီပုဂ္ဂိုလ်တို့၏သုံးဆောင် ခြင်းသည်သင်္ဃာအလယ်၌သုံးဆောင်သော်လည်း ဘုရားဥစ္စာတော်ကို ခိုး၍သုံး ဆောင်သည်မည်၏။ ထိုသို့မည်သောကြောင့်ဘုရားဥစ္စာ တော်ကိုခိုး၍သုံးဆောင်ခြင်း၏ကြီးမားသောကြောက်မက်ဘွယ်သော အပြစ်ရှိသည်၏အဖြစ်ကိုမြတ်စွာဘုရားသည်အဂ္ဂိခန္ဓောပမ သုတ်၌

---

၁။ သာရတ္ထ၊ ၂။ ၄၁၈။ မ၊ ဋီ၊ ၃။ ၁၅၈-၉။
ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၇၂။

စာကြည့်တိုက်
ပိဋကတ်သာသနာပြုစာပေ

ခုနှစ်ပါး သောဥပမာတို့ကိုထုတ်၍အကျယ်ဝိတ္ထာရနယအားဖြင့်ဟော တော်မူ၏။ ထိုဒေသနာ တော်၏အဓိပ္ပါယ်ကိုအကျဉ်းရုံး၍မှတ်လွယ်စိမ့် သောငှါဗုဒ္ဓမတညှ အဋ္ဌကထာဆရာမြတ်တို့သည်

ဣမာတိ ဝိဋ္ဋ ရဋ္ဌ တိဏ္ဏသတ္တိ အဘယော ပစ္စ အဘယော ဂုဏ္ဏ အဘယော မဇ္ဈ အဘယော ပိဋ္ဌ အဘယော ကုန္တိဥပမာတိ အဘိဝါဒန အဆွ လိကမ္မစိဝ္ဝရ ပိဏ္ဍပါတ မဉ္စပိဋ္ဌ ဝိဟာရပရိ ဘောဂဝမ္ဘယံဒုက္ခံ ဒ ဘေယသိ။

ဟုမိန့်တော်မူအပ်ကုန်၏။

အဓိပ္ပါယ်ကား -သီလမရှိသောအလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့သည် မင်းပုဏ္ဏားစသောလူတို့၏ကြည်ညို၍ရှိခိုးခြင်းကိုခံရသည်ထက်နိုင် လှစွာသောသားမြီးကြီးကိုအားကြီးလှစွာသော ယောကျ်ားနှစ် ယောက်တို့သည်အရင်းအဖျားကိုင်၍တိုက်သဖြင့်အရေပါးအရေထူ အသားအကြောအရိုးတို့ကိုဖြတ်၍ရိုးဆွင်းချဉ်ဆီတိုင်အောင်ထိ စေခြင်းကိုခံရခြင်းသည်သာလျှင်မြတ်၏။

အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့သည်မင်းပုဏ္ဏားစသောလူတို့၏ လက်အုပ်ချီ၍အရိုအသေပြုခြင်းကိုခံရသည်ထက်ရဲရဲတောက်သောထက် လှစွာသောလှံစွယ်ဖြင့်တကိုယ်လုံးကိုစိတ်စိတ်ထိုးခြင်းကိုခံရခြင်းသည် သာလျှင်မြတ်၏။

အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့သည်မင်းပုဏ္ဏားစသောလူတို့၏သဒ္ဓါ ၍လှူသောသင်္ကန်းကိုဝတ်ရုံခြင်းထက်ရဲရဲတောက်သောသံပြားဖြင့် တကိုယ်လုံးကိုပတ်၍လောင်စေခြင်းကိုခံရခြင်းသည်သာလျှင်မြတ်၏။

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၅၄။

အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့သည် မင်း ပုဏ္ဏား စသော လူတို့၏ သဒ္ဓါ၍ လှူသော မွန်မြတ် သောဆွမ်း ခဲဘွယ် ဘောဇဉ်တို့ကိုသုံး ဆောင်ခြင်း ထက်ရဲရဲ တောက် သောသံ ဆွေခဲကိုခံတွင်းသ ပေါက် ၌အူမအူသိမ် ကို မလောင်၍ အောက်ဒွါရ ပေါက်သို့ထွက် စေ ခြင်းသည်သာလျှင်မြတ်၏။

အလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်တို့သည် မင်း ပုဏ္ဏား စသော လူတို့၏ သဒ္ဓါ၍ လှူသော ကျောင်း ၌ နေရသည်ထက်ဟုန်း ဟုန်း တောက် သော သံအိုး ကြီး ၌ ဝင်၍ ခံရခြင်း သည်သာလျှင်မြတ်၏။

သီလမရှိ သော ဒုဿီလ ပုဂ္ဂိုလ်တို့သည် မင်း ပုဏ္ဏား စ သော လူတို့၏သ ဒ္ဓါ၍ လှူသော ရွှေ ငွေဖန်မှန်စသည်ဖြင့် မွန်း မံကန်ဆာဆင် အပ် သော ညောင် စောင်း အင်း ပျဉ် ပေါ်တက်၍ နေရခြင်း ထက် ရဲရဲ တောက် သောသံ ညောင် စောင်း သံအင်း ပျဉ် ပေါ် ၌လက်ဝဲလျာ နံပါး ပြန် ခါပြန် ခါလှည့်၍ လောင် စေခြင်း ကိုခံရသည်သာလျှင်မြတ်၏။

အဘယ့်ကြောင့်နည်း ဟူမူကား –

ထိုသား မြီး ကြိုး ဖြင့်တိုက်ခြင်း ၊ လှံသွား ဖြင့်ထိုး ခြင်း အစရှိ သောအ ကြောင်း တို့ ကြောင့်မူကား သေ သော်လည်း သေရာ၏ သေလုခါနီး သောဆင်း ရဲခြင်း သို့လည်း ရောက်ရာ၏။ ထိုအ ကြောင်း ကြောင့် သေသည်၏အခြား မဲ့၌အပါယ်မလား ရသည်သာ တည်း ။

အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့သည်သီလဝန္တ ရောင် ဆောင်၍ မင်း ပုဏ္ဏား စ သောလူတို့၏သ ဒ္ဓါ၍ ရှိခိုး ခြင်း လက်အုပ် ချီခြင်း ကိုခံ ရခြင်း။ သီလဝန္တ မှတ်၍ ကြည်ညိုလှဖြင့်လှူအပ် သောသင်္ကန်း ပုဆိုး ကျောင်း

ညှောင်စောင်း အင်း ပျဉ်ကိုသုံးဆောင်ခြင်း ဟုဆိုအပ်သောဘုရား
ပူ့စွည်း တော်ကိုခိုး ခြင်း တည်း ဟူသောအကြောင်း ကြောင့်ကား
သေသည်၏အခြား မဲ့၌ ချမ်း သာကင်း ရာဖြစ်သော ကြောင့်အပါယ
ဟုဆိုအပ်သော မကောင်း မှုကိုပြုသောသူတို့၏လား ရာဖြစ်သော
ကြောင့်ဒုဂ္ဂတိဟုဆိုအပ်သောကိုယ်လက်ပျက်စီး လျက်ကျရာဖြစ်သော
ကြောင့်ဒုဂ္ဂတိဟုဆိုအပ်သောကိုယ်လက်ပျက်စီး လျက်ကျရာဖြစ်သော
ကြောင့်ဝိနိပါတဟုဆိုအပ်သောနှလုံး မွေ့လျော်ဖွယ်ဟူသမျှတို့၏ကင်းရာ
ဖြစ်သော ကြောင့်နိရယဟုဆိုအပ်သော ငရဲပြိတ္တာ တိရစ္ဆာန် အသူ
ရကာယ် တည်း ဟူသောအပါယ် လေး ဘုံတို့၌အဆုံး မရှိကြီး စွာသော
ဆင်း ရဲတို့ကိုနှစ်အရာအထောင်အသောင်း အသိန်း ဟူ၍ မပိုင်းခြား
နိုင်သောရှည်မြင့်စွာ သောကာလပတ်လုံး ခံရလေ၏။

ထို့ ကြောင့်အပါယ် လေး ဘုံ၌ဖြစ်၍အဆုံး မရှိကြီး စွာ
သောဆင်း ရဲတို့ကိုရှည်မြင့်စွာ သောကာလပတ်လုံး ခံရ လေခြင်း ထက်
တာတိုကို သေလောက်ရုံမျှသာဆင်း ရဲသောသား မြီး ကြိုး ဖြင့်တိုက်ခြင်း
အစ ရှိသည်ကိုခံရခြင်း သည်သာလျှင်မြတ်၏ဟု ဟော တော်မူသည်။ ။

ဤသို့ကြီး လှစွာ သောအပြစ်ရှိ သော ကြောင့်သဗ္ဗညု
မြတ်စွာဘုရား သည်သတ္တဝါအပေါင်း တို့ကိုလွန်စွာသနား တော်မူ
သဖြင့်ဆင်း ရဲမှလွတ် စေခြင်း ငှာ –

ပါတိမောက္ခံ ဝိသောဓေန္တော၊
အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊
န ဘိန္ဒေ သီလ သံဝရံ။

ဟူသော ဒေသနာတော်ဖြင့် -

ချစ်သားရဟန်းတို့ ပါတိမောက္ခ သံဝရ သီလကို သုတ်သင်လိုသော ရဟန်းကောင်းသည် အသက်ကို သော်လည်း စွန့်ရာ၏။ လူသုံးပါးတို့၏ ကောင်းကျိုးချမ်းသာကို သာ တောင့်တတော်မူတတ်သော သင်တို့ဆရာဖြစ်တော်မူသော ငါဘုရား ပညတ်တော်မူအပ်သော ပါတိမောက္ခ သံဝရသီလကို မပျက်စေရာဟူ၍ ဆုံးမတော်မူသည်။

ထို့မှတပါး

ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ၊
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။
တထေဝ သီလံ အနုရက္ခ မာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ။

ဟူသော ဂါထာပါဠိဖြင့်လည်း -

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၃၅။

၂။ ဝိသုဒ္ဓိ၊ ၁။ ၃၄။ ဒီ၊ ဋ၊ ၁။ ၅၆။

ချစ်သား ဂုဟန်း တို့ လောကဥ္စကီကီအမည်ရှိ သော ငှက်မ သည်အသက်ကိုစွန့်၍ မိမိဥကို စောင့်ဘိသကဲ့သို့ ၄င်း ၊ စာမရီအမည်ရှိ သောသား သည်အသက်ကိုစွန့်၍ မိမိအမြီး ဆံကို စောင့်ဘိသကဲ့သို့ ၄င်း ၊ ချစ်လှစွာ သောသား ငယ်တ ယောက်တည်း သာ ရှိ သော မိန်း မသည် မိမိအသက်ကိုစွန့်၍သား ငယ်အသက်ကို စောင့် ရှောက်ဘိသကဲ့သို့ ၄င်း ၊ မျက်စိတ ဖက်သာရှိ သော ယောကျ်ား သည် မိမိမျက်စိတ ဖက်ကိုအလွန် ချစ် မြတ်နိုး ဘိသကဲ့သို့ ၄င်း ။

ထို့အတူသင် ချစ်သား တို့သည်လည်း ငါဘုရား ပညတ် တော် မူအပ် သော ပါတိ မောက္ခသံဝရသီလကိုအစဉ် စောင့် ရှောက်ကြကုန်သည် ဖြစ်၍အခါခပ်သိမ်း ချစ်မြတ်နိုး ကြကုန်သည်ဖြစ်၍အခါခပ်သိမ်း ရိုသေ လေး မြတ်ကြကုန်သည်ဖြစ်၍ နေကြကုန်ဟုဆုံး မ တော်မူသည်။

သီလဖြူစင်ခြင်း ၏အကျိုး အာနိသင်ကိုကား သိက္ခာပုဒ် တော် ကို ပညတ် တော်မူခြင်း ၏အ ကြောင်း ဖြစ် သောဆယ်ပါး သော အကျိုး ထူး တရား တို့ကိုသိအပ်ကုန်၏။

ဆယ်ပါး သောအကျိုး ထူး တရား ဟူသည်ကား ။

သံဃသုဋ္ဌုတာယ၊ သံဃဖာသုတာယ၊ ဒုမ္မင်္ကူနံပုဂ္ဂလာနံ နိဂ္ဂဟာယ၊ ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ၊ ဒိဋ္ဌဓမ္မိကာနံ အာသဝါနံသံဝရာယ၊ သမ္ပရာယိကာနံအာသဝါနံ ပဋိဃာတာယ၊ အပ္ပသန္နာနံပသာဒါယ၊ ပသန္နာနံ ပသာဒါယ၊ ပသန္နာနံ ဘိယျော ဘာဝါယ ၊ သဒ္ဓမ္မဋ္ဌိတိယာ၊ ဝိနယာနုဂ္ဂဟာယ။ ဤဆယ်ပါး တို့တည်း ။

---

၁။ ဝိ၊ ၁။ ၂၄။

ထိုဆယ်ပါး ဟူသောအကျိုး ထူး တရား တို့တွင်သံဃသုဋ္ဌုတာယ ဟူသောပါဌ်၏အရကား ၊ အကြောင်း၊ ဝတ္ထုရှိသောအခါမြတ်စွာဘုရား သည် " တေန ဟိ ဘိက္ခဝေ ဘိက္ခူနံ သိက္ခာပဒံ ပညာပေဿာမိ ဒသ အတ္ထဝသေ ပဋိစ္စ " ဟူသောပါဌ်ဖြင့် -

ချစ်သား ရဟန်း တို့ထိုသိက္ခာပုဒ်တော်ကိုပညတ်တော်မူခြင်း ၏အကြောင်း ရှိတပြီး ကား ဆယ်ပါး သောအကျိုး ထူး တရား တို့ကိုစွဲ၍သင်ချစ်သား တို့အား သိက္ခာပုဒ်ကိုပညတ်တော်မူပေအံ့ဟု မိန့်တော်မူ၏ ။

ထိုအခါသံဃာအပေါင်း သည်ကောင်း ပါပြီမြတ်စွာဘုရား ၊ ပညတ်တော်မူပါဟုဝန်ခံကြ၏ ။ ထိုသို့မြတ်စွာဘုရား ၏စကား တော်ကိုဝန်ခံခြင်း သည် -

ယော စ တထာဂတဿ ဝစနံ ပဋိဂ္ဂဏှာတိ တဿ တံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ ။

ဟူသောအဋ္ဌကထာပါဌ်နှင့်အညီရှည်မြင့်စွာသောနေ့ညဉ့်ပတ်လုံး လောကီလောကုတ္တရာစီး ပွား ချမ်း သာကိုပွား များခြင်း ၏အကြောင်း ဖြစ်၏ ၊ ထို့ကြောင့်သံဃာတော်အပေါင်း အား လောကီလောကုတ္တရာစီး ပွား ချမ်း သာများ ခြင်း ၏အကြောင်း ဖြစ်သောဘုရား ၏စကား တော်ကိုဝန်ခံခြင်း အကျိုး ငှာသိက္ခာပုဒ်တော်ကိုပညတ်တော်မူပေအံ့ဟုလိုသည် ။

အကြင်အလဇ္ဇီပုဂ္ဂိုလ်သည်ပညတ်တော်မူအပ်ပြီး သောသိက္ခာပုဒ်တို့ကိုရိုသေစွာမကျင့်၊ ထိုအလဇ္ဇီပုဂ္ဂိုလ်သည်မြတ်စွာဘုရား သည်

သိက္ခာပုဒ်ကိုပညတ်တော်မူပေအံ့ဟုဆိုသောစကားကိုဝံမခံသည်မည်၏။ ထိုဘုရားစကားတော်ကိုမခံသောအလဇ္ဇီပုဂ္ဂိုလ်အားဆိုအပ်ပြီးသည်မှပြန်သောအားဖြင့်ရှည်မြင့်စွာသောညဉ့်နေ့ပတ်လုံး လောကီလောကုတ္တရာကောင်းကျိုးချမ်းသာအပေါင်းတို့မှဆုတ်ယုတ်ပျက်စီးခြင်း၏အကြောင်းဖြစ်၏။

သံဃဖာသုတာယ - ဟူသောပါဌ်၏အရကား ။

သိက္ခာပုဒ်ကိုပညတ်တော်မူသည်ရှိသော်ထိုသိက္ခာပုဒ်ကိုရိုသေစွာကျင့်သောသဿာအပေါင်းအား လူ့ကိုသဒ္ဓါ၍လှူသောပစ္စည်းကိုခံ၍အသက်မွေးခြင်းသည်သမ္မာအာဇီဝဖြစ်သောကြောင့်ချမ်းသာစွာနေရခြင်း၏အကြောင်းဖြစ်၏။ ထိုသို့ချမ်းသာစွာနေစေခြင်းအကျိုးငှာသိက္ခာပုဒ်ကိုပညတ်တော်မူပေအံ့ဟူလိုသည်။

သိက္ခာပုဒ်တော်ကိုရိုသေစွာမကျင့်သောအလဇ္ဇီပုဂ္ဂိုလ်၏အလှူခံ၍အသက်မွေးခြင်းသည်ဘုရားပစ္စည်းကိုခိုး၍သုံးဆောင်သောကြောင့်မိစ္ဆာဇီဝဖြစ်၏၊ ထိုကြောင့်ခိုးပြစ်နှင့်လျော်စွာရှည်မြင့်သောညဉ့်နေ့ပတ်လုံးဆင်း[illegible]ငစွာနေရခြင်း၏အကြောင်းဖြစ်၏။

ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ ဟူသောပါဌ်ဖြင့် သီလမရှိသော အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့ကိုနှိပ်ခြင်းငှာသိက္ခာပုဒ်ကိုပပညတ်တော်မူပေအံ့ဟုဟောတော်မူရာ၌အဓိပ္ပါယ်ကား -

သိက္ခာပုဒ်ကိုမပညတ်သည်ရှိသော်ဘုရားအလိုတော်မရှိအပ်သောအမှုကိုလွန်ကျူးပြုကျင့်သောအလဇ္ဇီပုဂ္ဂိုလ်ကိုလဇ္ဇီသူတော်ကောင်း

ထိုသည်ဆိုသုံး မပါ သော်လည်း အသင်တို့သည်အဘယ်သိက္ခာပုဒ်ကိုမြင်အပ်သနည်း ၊ အဘယ်ကိုကြား အပ်သနည်း ၊ ငါတို့သည်အဘယ်သိက္ခာပုဒ်ကို လွန်ကျူးခြင်းကိုပြုအပ်သနည်း ၊ အဘယ်မည်သော ၀တ္ထုသို့အဘယ်အာပတ်ကိုတင်၍ ငါတို့ကိုနှိပ်ကုန်သနည်း ။

ဤသို့စသည်ဖြင့်ဆို၍သယ်ာကိုသွင်း ဆဲကုန်လတ္တံ ၊ သိက္ခာပုဒ်ကိုပညတ် တော်မူသည်ရှိ သော်သယ်ာ တော်အ ပေါင်း သည်ထိုအလဇ္ဇီပုဂ္ဂိုလ်တို့အား သိက္ခာပုဒ် တော်ကိုပြ၍ဤသိက္ခာပုဒ်ကိုအသင်တို့မမြင်အပ်သ လော မကြား ဘူး သလော ၊ ဤသို့စသည်ဖြင့်ဆို၍ဟုတ်မှန်တိုင်း သော ၀တ္ထုသို့ ဘုရားအဆုံးအမ တော်ဖြစ် သော စောဒနာသာရဏာ၀ိနည်းဖြင့် နှိပ်၍ဆုံး မရလတ္တံ ၊ ထို့ကြောင့်သီလမရှိ သောအလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့ကိုနှိပ်ခြင်း ငှာသိက္ခာပုဒ် တော်ကိုပညတ် တော်မူ ပေအံ့ဟုလိုသည်။

ပညတ် တော်မူပြီး သောသိက္ခာပုဒ်ကိုရှိ သော်မကောင်း သောအလဇ္ဇီပုဂ္ဂိုလ်ကိုနှိပ်အံ့သည်ကိုမဆိုထား ဘိမိမိကိုယ်ကိုပင်သူတပါး က နှိပ်ခြင်း ကိုသာခံရ တော့သည် ၊ ထို့ကြောင့် "ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ" ဟု သောအကျိုး ကိုလည်း မရပြီဟုမှတ်အပ်၏ ။

ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ - ဟု သော ပါဠ်ဖြင့်သီလကိုချစ်ကုန် သောရဟန်း တို့အား ချမ်း သာစွာ နေ စေခြင်း အကျိုး ငှာသိက္ခာပုဒ်ကိုပညတ် တော်မူ ပေအံ့ဟု ဟော တော်မူရာ၌ အဓိပ္ပါယ်ကား -

သိက္ခာပုဒ်ကိုပညတ် တော်မမူသည်ရှိ သော်လဇ္ဇီသူ တော်ကောင်း ဖြစ်ကုန် သောရဟန်း တို့သည်ပြုအပ် သောအမှုမပြုအပ် သော

အမှုကိုလည်း မသိနိုင်၊ အပြစ်ရှိသောအမှုအပြစ်မရှိသောအမှုကိုလည်း မသိနိုင်၊ သိက္ခာပုဒ်တော်တည်းဟူသောကမ်းအပိုင်းအခြားကို လည်း မသိမမြင်နိုင်ကုန်သည်ဖြစ်၍ သိက္ခာသုံးပါးကိုအပြည့်အစုံဖြည့်ကျင့်ခြင်းငှာအားထုတ်ကုန်သည်ရှိသော်စိတ်၏လွန်စွာပင်ပန်းခြင်း နေ့ကျက်ကိုခြင်းသို့ရောက်ကုန်၏။

သိက္ခာပုဒ်ကိုပညတ်တော်မူသည်ရှိသော်၊ ပြုအပ်သောအမှု မပြုအပ်သောအမှုကိုငင်း၊ အပြစ်ရှိသောအမှုအပြစ်မရှိသော အမှုကိုငင်း၊ သိက္ခာပုဒ်တော်တည်းဟူသောကမ်းအပိုင်းအခြား ကိုငင်း၊ သိမြင်ရပြီးသည်၏အဖြစ်ကြောင့်သိက္ခာသုံးပါးကိုအပြည့်အစုံ ဖြည့်ကျင့်ခြင်းငှာအားထုတ်ကုန်သည်ရှိသော်စိတ်၏ပင်ပန်းခြင်း နေ့ကျက်ကိုခြင်းသို့မရောက်ကုန်၊ ထို့ကြောင့်သိက္ခာပုဒ်ကိုပညတ်တော် မူခြင်းသည်ထိုလဇ္ဇီသူတော်ကောင်းတို့၏ချမ်းသာစွာနေရခြင်း၏ အကျိုးငှာဖြစ်၏ဟုလိုသည်။

သိက္ခာပုဒ်ကိုရိုသေစွာမကျင့်သောအလဇ္ဇီပုဂ္ဂိုလ်သည် ကား၊ သိက္ခာသုံးပါးကိုဖြည့်ကျင့်ခြင်းငှာအားထုတ်ခြင်းသဘော မရှိသည်၏အဖြစ်ကြောင့်ထိုပေသလာနံဘိက္ခုနံဖာသုဝိဟာရာယဟူ သောအကျိုးကိုလည်း မရသည်သာလျှင်တည်း။

တနည်းကား ပေသလာနံဘိက္ခုနံဖာသုဝိဟာရာယ ဟူသောပါဌ်၌အဓိပ္ပါယ်ကား –

အလဇ္ဇီပုဂ္ဂိုလ်တို့ကိုနှိပ်ခြင်းသည်ပင်လျှင်ထိုလဇ္ဇီသူတော် ကောင်းတို့ချမ်းသာစွာနေရခြင်းသည်ဖြစ်၏။ အဘယ်ကြောင့်နည်း

ဟူမှုကား အလဇ္ဇီပုဂ္ဂိုလ်တို့ကို မှီ၍ ဥပုသ်ကံ ပဝါရဏာကံတို့သည် မကဉ်ကုန် အလုံးစုံသော သံဃကံတို့သည်လည်း မဖြစ်ကုန်၊ လဇ္ဇီသူတော်ကောင်းတို့သည် များစွာသော ဘေးရန်တို့ဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်း၊ ကမ္မဋ္ဌာန်း ဘာဝနာပွားစေခြင်း အစရှိသည်တို့ကိုအား ထုတ်ခြင်းငှာ မတတ်နိုင်ကုန်။

အလဇ္ဇီပုဂ္ဂိုလ်တို့ကို နှိပ်အပ်ကုန်သည်ရှိသော်ကား ဆိုအပ်ပြီးသော ဤအလုံးစုံသော ဘေးရန်သည် မဖြစ်၊ ထိုသို့ ဘေးရန်မဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် လဇ္ဇီရဟန်းကောင်းတို့သည် ချမ်းသာစွာ နေရကုန်၏။ ဤဆိုအပ်ပြီးသောနည်းဖြင့် "ပေသလာနံဘိက္ခုနံ ဖာသုဝိဟာရာယ" ဟူသော ပါဌ်၌ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၏ အကျိုးကို နှစ်ပါး အပြားရှိ၏ဟု သိအပ်၏။

ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ - ဟူသော ပါဌ်ဖြင့် မျက်မှောက်သော ကိုယ်၏အဖြစ်၌ ဖြစ်သော ဆင်းရဲဒုက္ခအပေါင်းတို့ကို စောင့်ရှောက်ခြင်း အကျိုးငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟု ဟောတော်မူရာ၌ အဓိပ္ပါယ်ကား -

သိက္ခာပုဒ်ကို ပညတ်တော်မမူသည်ရှိသော် ကိုယ်နှုတ်ကို မစောင့်ရှောက်သော အလဇ္ဇီပုဂ္ဂိုလ်သည် ပြုအပ်သော မကောင်းမှု ရှိသည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌ လက်ဖြင့်ပုတ်ခတ်ခြင်း၊ လှံကံဖြင့်ပုတ်ခတ်ခြင်း၊ လက်ဖြတ်ခြင်း၊ ခြေဖြတ်ခြင်း၊ အကျော်အစောမဲ့ခြင်းဘေး၊ အခြံအရံမဲ့ခြင်းဘေး၊ နှလုံးမသာယာခြင်း အစရှိသော ဒုက္ခအထူးသို့ ရောက်လေကုန်၏။

ဤဆိုအဝ်ပြီး သောပဥ္စဝဂ္ဂ မျက်မှောက်၌ ရောက်အဝ်သော သင်း ရဲ့ဒုက္ခအထူး တို့ကို စောင့်ရှောက်ခြင်း ငှာ ရောက်လာခြင်း ၏ အကြောင်း ကိုပိတ်ပင်ခြင်း ငှာ သိက္ခာပုဒ်ကိုပညတ် တော်မူ ပေအံ့ဟုလိုသည်။

သိက္ခာပုဒ်ကိုရှိ သောဇွာ မကျင့် သော အလဇ္ဇီပုဂ္ဂိုလ်သည်ဆိုအဝ်ပြီး သောလဇ္ဇီသူတော် ကောင်း တို့ကဲ့ရဲ့ပြစ်တင်ခြင်း ဘေး ၊ အကျော်အစော မဲ့ခြင်း ဘေး ၊ အခြံအရံ မဲ့ခြင်း ဘေး ၊ နှလုံး မသာယာခြင်း ဘေး ၊ အစရှိ သော ဒုက္ခဝိသေသတို့မှ မလွတ်မကင်း နိုင်သည်၏အဖြစ် ကြောင့် ဒိဋ္ဌဓမ္မိကာနံအာသဝါနံသံဝရာယဟူ၍ ဟော တော်မူအဝ် သောအကျိုး ကိုလည်း မခံစား ရပြီဟု မှတ်အဝ်၏။

သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ-ဟု သော ပါဌ်ဖြင့်သံသရာဘဝ၌ဖြစ်လတ့် သော ဘေး ဘျမ်း အပေါင်း ကိုပယ် ဖျောက်ခြင်း ငှာ သိက္ခာပုဒ်ကိုပညတ် တော်မူ ပေအံ့ဟု ဟော တော်မူရာ၌သံသရာဘဝ၌ဖြစ်လတ့် သော ဘေး ဘျမ်း မည်သည်ကား သိက္ခာပုဒ်ကိုမပညတ်သည်ရှိ သော်ကိုယ်နှုတ်မ စောင့် ရှောက် သော အလဇ္ဇီပုဂ္ဂိုလ်သည်ပြုအဝ် သော မကောင်း မှုလျှင်အကြောင်း ရင်း ရှိကုန် သော နောင်သံသရာဘဝငရဲစသည်တို့၌ခံရအဝ်ကုန် သော ဒုက္ခဝိသေသတို့သည်သမ္ပရာယိကအာသဝမည်ကုန်၏။

ထို့ကြောင့်သံသရာဘဝ၌ခံရလတ့် သော ဒုက္ခအထူး တို့ကို ပယ် ဖျောက်၍ငြိမ်း စေခြင်း ငှာ သိက္ခာပုဒ်ကိုပညတ် တော်မူ ပေအံ့ဟုလိုသည်။

ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ရိုသေစွာ မကျင့်
သော အလဇ္ဇီပုဂ္ဂိုလ်သည် နောင်သံသရာဘဝ၌ ငရဲစသည်တို့၌ ဒုက္ခကိုခံရ
လေသည်၏ အဖြစ်ကြောင့် သမ္ပရာယိကာနံ့ အာသဝါနံ ပဋိဃာတာယ -
ဟူသော အကျိုး ကိုလည်း မရသည်သာလျှင်တည်း ဟု မှတ်အပ်၏။

အပ္ပသန္နာနံ ပသာဒါယ - ဟူသော ပါဌ်ဖြင့် မကြည်ညိုကုန်
သေး သောသူတို့ကိုကြည်ညိုစေခြင်း ငှါသိက္ခာပုဒ်ကိုပညတ်တော်မူပေအံ့
ဟူရာ၌ သိက္ခာပုဒ်ကိုပညတ်တော်မူသည်ရှိသော် ပညတ်တော်မူအပ်သော
သိက္ခာပုဒ်ကိုသိ၍၎င်း ပညတ်တော်မူတိုင်း ကျင့်ကုန် သော ရဟန်း တို့ကို
မြင်၍၎င်း ၊ သာသနာတော်၌ မကြည်ညိုကုန် သေး သော ပညာရှိလူ
အပေါင်း တို့သည် လောက၌ များစွာ သောလူတို့၏ တပ်ခြင်း ၊ နှစ်သက်
ခြင်း ၊ အမျက်ထွက်ခြင်း ၊ နှလုံး မသာယာခြင်း ၊ မိုက်မဲတွေဝေခြင်း
၏အကြောင်း ဖြစ်ကုန် သောအကြင်တရား တို့သည်ရှိကုန်၏။

သာကီဝင်မင်း သား ဘုရား သား တော်ဖြစ်ကုန်
သော ဤရဟန်း တို့သည်ထိုတပ်ခြင်း နှစ်သက်ခြင်း စသည်တို့၏အကြောင်း
ဖြစ် သောတရား တို့မှ ဝေး စွာကြဉ် ရှောင်၍ နေကြကုန်၏။ ပြုနိုင်ခဲ
သောအမှုကိုပြုကုန်သည်တကား ။ ဝန် လေး စွာ သောအမှုကိုပြုကုန်သည်
တကား ဟုနှလုံး သွင်း ၍ကြည်ညိုခြင်း သို့ ရောက်ကုန်၏။

အဘယ်သူကဲ့သို့နည်း ဟူမူကား -

ကတဝေဒီအမည်ရှိ သော မိန္ဒာဒိဋ္ဌိပုဏ္ဏား သည်
ပေယျာလအက္ခရာတင်အပ် သော ဝိနည်း ပိဋကတ်ကိုမြင်၍ သာသနာ တော်

၌ကြည်ညိုခြင်း သို့ ရောက်သကဲ့သို့တည်း ။ ထို့ကြောင့် မကြည်ညိုကုန် သေးသော

သူတို့သည်ကြည်ညို စေခြင်း ငှာသိက္ခာပုဒ်ကိုပညတ် တော်မူ ပေအံ့ဟုလိုသည်

သိက္ခာပုဒ်ကိုရို သေစွာမကျင့် သောအလဇ္ဇီပုဂ္ဂိုလ်ကိုကား

ပညတ် တော်မူအပ် သောသိက္ခာပုဒ် တော်ကိုလွန်ကြူး ကျော်နင်း ၍ပြု

ကျင့်သည်ကိုမြင် သောအခါမကြည်ညိုကုန် သေး သောသူတို့သည် မကြည်ညိုကုန်

သည်သာလျှင်တည်း ။ ထို့ကြောင့်အလဇ္ဇီပုဂ္ဂိုလ်တို့သည် "အပ္ပသန္နာနံ

ပသာဒါယ" ဟူ၍ ဟော တော်မူအပ် သောအကျိုး ကိုလည်း မရသည်

သာလျှင်တည်း ။

ပသန္နာနံ ဘိယျောဘာဝါယ - ဟူ သောပါဠိဖြင့်ကြည်

ညိုကုန်ပြီး သောလူတို့အား ကြည်ညိုခြင်း ကိုလွန်စွာပွား စေခြင်းငှါ

သိက္ခာပုဒ်ကိုပညတ် တော်မူ ပေအံ့ဟု ဟော တော်မူရာ၌အဓိပ္ပါယ်ကား

သာသနာ တော်၌ကြည်ညိုကုန်ပြီး သောအကြင်အမျိုး

ကောင်း သား တို့သည်ရှိကုန်၏ ။ ထိုအမျိုး ကောင်း သား တို့သည်ပညတ်

တော်မူအပ် သောသိက္ခာပုဒ်ကိုသိ၍ ၎င်း ၊ ပညတ် တော်မူတိုင်း ကျင့်

ကုန် သောရဟန်း တို့ကိုမြင်၍သာကီဝင်မင်း သား ဖြစ်ကုန် သော်

ရဟန်း တို့သည်အသက်ထက်ဆုံး နံနက်စာတထပ်သာစား ခြင်း ကို၎င်း

သူယုတ်မာတို့၏ ဥစ္စာဖြစ် သော မေထုန်အကျင့်မှကြဉ် ရှောင်ခြင်း ဟုဆို

အပ် သောမြတ် သောအကျင့်ကို၎င်း ၊ ဘုရား အဆုံး အမ တော်ဖြစ်

သောသံဝရသီလကို၎င်း ၊ အခါခပ်သိမ်း စောင့်ရှောက်ကြကုန်၏ ။

ထို့ကြောင့်ဘုရား တပည့်သား တော်ဖြစ် သော်

အမှင် ကောင်း တို့သည်အံ့ဩဖွယ်ရှိစွ ၊ ပြုနိုင်ခဲ သောအမှုကိုပြုကြကုန်တကား၊

နှလုံးသွင်း၍ လွန်စွာကြည်ညိုကြကုန်၏။ ထိုကြောင့်ကြည်ညိုကုန်ပြီးသော သူတို့အား လွန်စွာကြည်ညိုခြင်းကိုပွားစေတတ်သော သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟုလိုသည်။

သဒ္ဓမ္မဋ္ဌိတိယာ – ဟူသော ပါဌ်ဖြင့် သူတော်ကောင်းတရား၏ ရှည်မြင့်စွာကာလပတ်လုံး တည်စေခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟူရာ၌ သူတော်ကောင်းတရားသည် ပရိယတ္တိသဒ္ဓမ္မ၊ ပတိပတ္တိသဒ္ဓမ္မ၊ အဓိဂမသဒ္ဓမ္မ ဟူ၍သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ပိဋကတ်သုံးပုံဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော အလုံးစုံသော ဘုရားစကားတော်သည် ပရိယတ္တိသဒ္ဓမ္မ မည်၏။

ဓုတင်တေရသ စုဒ္ဒသခန္ဓကဝတ် ရှစ်ဆယ်နှစ်ပါးသော ဝတ်ကြီး စတုပါရိသုဒ္ဓိသီလ မဟဂ္ဂုတ်သမာဓိ ဝိပဿနာဘာဝနာ ဤတရားအပေါင်းသည် ပတိပတ္တိသဒ္ဓမ္မ မည်၏။

လေးပါးသော အရိယာမဂ် လေးပါးသော အရိယာဖိုလ် နိဗ္ဗာန် ဤကိုးပါးသော လောကုတ္တရာတရားသည် အဓိဂမသဒ္ဓမ္မ မည်၏။

အကြင့်ကြောင့် သိက္ခာပုဒ်ကို ပညတ်တော်မူသည်ရှိသော် ရဟန်းအပေါင်းတို့သည် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကိုငင်း ထိုသိက္ခာပုဒ်၏ ဝိဘင်းကိုငင်း၊ ထိုသိက္ခာပဒဝိဘင်း၏ အနက်ကိုပြတတ်သော တပါးသော ဘုရားစကားတော်ကိုငင်း၊ သင်ကြား လေ့ကျက်ဆောင်ကြကုန်သည်ဖြစ်၍ ပရိယတ္တိသဒ္ဓမ္မကိုလည်း စေကြကုန်၏။

ပညတ်တော်မူတိုင်း သောသိက္ခာပုဒ်ကိုဖြည့်ကျင့်ကြကုန်သည်ဖြစ်၍ ပဋိပတ္တိသဒ္ဓမ္မကိုလည်း တည်စေကြကုန်သည်။ ပတိပတ္တိကိုဖြည့်ကျင့်သဖြင့်ရအပ်သောကိုး ပါး သောလောကုတ္တရာတရား ကိုရကြကုန်သည်ဖြစ်၍ အဓိဂမသဒ္ဓမ္မကိုလည်း တည်စေကြကုန်သည်။ ထို့ကြောင့် ထိုသုံး ပါး သောသူတော်ကောင်း တရား တို့သည်လည်း သိက္ခာပုဒ်တော်ကိုပညတ်တော်မူခြင်း ဖြင့်ရှည်မြင့်စွာကာလပတ်လုံး တည်၏။

ထို့ကြောင့်သူတော်ကောင်း တရား သုံး ပါး ကိုရှည်မြင့်စွာကာလပတ်လုံး တည်စေခြင်း ငှာသိက္ခာပုဒ်ကိုပညတ်တော်မူ ပေအံ့ဟုလိုသည်။

ပညတ်တော်မူပြီး သောသိက္ခာပုဒ်ကိုရိုသေစွာမကျင့်သောအလဇ္ဇီပုဂ္ဂိုလ်သည်ထိုသိက္ခာပုဒ်ကိုသင်ပင်သင် သော်လည်း သူတော်ကောင်း တရား သုံး ပါး ကိုရှည်မြင့်စွာကာလပတ်လုံး တည်စေခြင်း ငှါသင်သည်မဟုတ်သူတော်ကောင်း တရား ကိုဖျက်ဆီး ခြင်း ငှါ သင်သည်သာမည်၏။ ထို့ကြောင့်သဒ္ဓမ္မဋ္ဌိတိယာ – ဟု ဟောတော်မူအပ်သောအကျိုး ကိုလည်း မရသည်သာတည်း ဟုမှတ်အပ်၏။

ဝိနယာနုဂ္ဂဟာယ – ဟူ သောပါဠိဖြင့် ဝိနည်း ကိုချီး မြှောက်ခြင်း ငှာသိက္ခာပုဒ်ကိုပညတ်တော်မူ ပေအံ့ဟု ဟောတော်မူရာ၌ ဝိနည်း မည်သည်ကား။ **သံဝရဝိနည်း၊ ပဟာနဝိနည်း သမထဝိနည်း** ပညတ္တိဝိနည်း ဟူ၍ လေး ပါး အပြား ရှိ၏။ **ထိုလေးပါးတို့တွင်သီလသံဝရ သတိသံဝရ** ဉာဏသံဝရ ခန္တီသံဝရ ဝီရိယသံဝရ ဟုဆိုအပ်သော ငါး ပါး ပါးသော

သံဝရတရား သည်ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ကို ထိုက်သည်အား လျော်စွာ စောင့်ရှောက်တတ်ပယ် ဖျောက်တတ် သော အနက်ကြောင့် သံဝရဝိနည်း မည်၏။

ဝိက္ခမ္ဘနပဟာန်တဒင်္ဂပဟာန် သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိ ပဟာန် ဿရဏ ပဟာန် ဟုဆိုအပ်သော ငါး ပါး သောပဟာန် သည် လည်း ထိုကာယဒုစ္စရိုက် ဝစီဒုစရိုက် မနောဒုစ္စရိုက်ကိုစွန့်တတ် ပယ်ဖျောက်တတ် သောအနက်ကြောင့်ပဟာနဝိနည်း မည်၏။

သမထဝိနည်း ဟူသော်ကား ၊ ခုနှစ်ပါး သောအဓိ ကရဏသမထပင်တည်း ၊ ပညတ္တိဝိနည်း ဟူသော်ကား ၊ ဝိနည်း သိက္ခာ ပုဒ်ပင်တည်း ။

ဤလေး ပါး သောဝိနည်း တရား တို့ကိုချီး မြှောက် ခြင်း ငှါသိက္ခာပုဒ်ကိုပညတ် တော်မူအံ့ဟုလိုသည်။

ပညတ် တော်မူ သောသိက္ခာပုဒ် တော်ကိုရှိ သေစွာ မကျင့် သောအလဇ္ဇီဒုဿီလပုဂ္ဂိုလ်သည်ထို လေး ပါး သောဝိနည်း တရား တို့ကိုချီး မြှောက်ခြင်း ငှါ မတတ်နိုင်သည်သာလျှင်တည်း ။ ထို့ကြောင့် ဝိနယာနုဂ္ဂဟာယဟူ သောအကျိုး ကိုလည်း မရဟုမှတ်အပ်၏။

ဤပါဠိ တော်ကိုအမှီပြု၍ သိက္ခာပုဒ် တော်ကိုရှိ သေစွာ ကျင့် သောပုဂ္ဂိုလ်သည်ခံစား အပ် သောဆယ်ပါး သောအကျိုး တရား ကို ကိုသိအပ်၏။ ထိုမှပြန် သောအား ဖြင့်သိက္ခာပုဒ်ကိုရှိ သေစွာ မကျင့် သောအလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့သည်ရအပ် သောအာဒီနဝအဖြစ်ကိုလည်း အပ်၏။

ဤသို့ဆိုအပ်ပြီးသော သီလပျက်စီးခြင်း၏အာဒီနဝအပြစ် သီလကိုဖြူစင်စွာသုတ်သင်၍ကျင့်ခြင်း၏အာနိသံသအကျိုး စက်တို့ကိုအသင့်အားဖြင့်နှလုံးသွင်း၍ထိုအရပ်ရပ်ကျမ်းဂန်လာတိုင်း ဆုံးဖြတ်ခဲ့ပြီးသော သိက္ခာပုဒ် ကျင့်ဝတ်များကို ကောင်းမွန်အောင်ထိန်းသိမ်းစောင့်ရှောက်ကျင့်ဆောင်နိုင်မှသာ သာသနာတော်တွင်း၌ [illegible]ယကာကိုလှူသော ပစ္စည်းကိုခံ၍သုံးဆောင်ထိုက်မည်။

သို့ကား မကျင့်ဆဒ္ဒန်ဆင်မင်းကိုသတ်မည်သွားစဉ် ဘေးကိုကြောက်၍ရဟန်းအသွင်ကိုယူသော သောနုတ္တိုရ်ရ မုတ်ဆိုး လာဘ်ကိုလို၍ရဟန်းအသွင်ကိုယူဒီဋ္ဌိစသောသူတို့ကဲ့သို့ဝမ်းဝချမ်းသာ တသက်လျာကိုသာငဲ့၍ ဒါယကာတို့အလှူကိုခံကာခံကာ ပျော်ပါး မေ့လျော့၍သမ္ပဇ္ဇပဋိကုဋ္ဌဘုရား စက်ဆုပ်တော်မူအပ်သောဒုစာရိတ္တအကျင့်ယုတ်ကိုပြုကျင့်လျက်စားသောက်နေထိုင်လျှင်စင်စစ်အလဇ္ဇီဖြစ်၍မီးကျီးစုသံတွေခဲ သံလျက်သွားအတူ လောင်ပူစူးရှမှန်းမသိ၊ လောင်ပူစူးရှလျက် ဘဝရှည်လျားအံ့သောအကြောင်းဖြစ်မည်ကိုထောက်၍၎င်း၊ သာသနာတော်တွင်း၌မှိုခိုပြီးလျှင် မာလောနွယ်ကဲ့အမှိုကိုဖျက်သောရဟန်းဖြစ်မည်ကိုထောက်၍၎င်း၊

ထိုရဟန်းတို့ကိုအားပေးအားမြှောက်ပြု၍ကိုးကွယ်လှူဒါန်းသူတို့လည်းအဆိပ်သီးကိုအဖိုးအများပေး၍ဝယ်ယူသုံးဆောင်သောသူကဲ့သို့ပစ္စုပ္ပန်သံသရာပျက်စီးဆုံးရှုံး၍နာကျင်မည်ကိုထောက်၍၎င်း၊ ဤသို့သောအကြောင်းဖြင့်သာသနာတော်အလျှင်အမြန်

ဆုတ်ယုတ်ကွယ်ပျောက်သဖြင့်အလုံး စုံ သော လောက ဓါတ်၌အမိုက်အတိသာ ဖြစ်မည်ကို မျှော် ထောက်ဆင်ခြင်၍ ၄င်း အလဇ္ဇီတို့အမှုအရာအကျင့်များ ကိုပယ်နိုင်ခွာနိုင် စောင့်ရှောက်နိုင် အောင်ကြိုး စား၍ပယ်ခွါ စောင့်ရှောက် တော်မူကြကုန်။

ပါဌော တော်လျှံဒိန်း သည့်စာ တော်၌ပါတိုင်း သော သိက္ခာပုဒ်တို့ကိုအမြဲနှလုံး သွင်း ကြကုန်သည်ဖြစ်၍ ဒါယကာတို့ကိုလည်း ၊ သနား ကြကုန်၊ မိမိကိုယ်ကိုလည်း အသင့်နှလုံး သွင်း ၍ ချစ်ကြကုန်၊ မြတ်စွာဘုရား ရှေးမျက်နှာ တော်ကိုလည်း ထောက်၍သာသနာတော် စည်ပင်ထွန်း လင်း အောင်ကျင့် ဆောင် တော်မူကြကုန်။

မကျင့် ဆောင်နိုင်လှင်လူဝတ်လဲ၍လူတို့ စောင့် ရှောက်ကျင့် ဆောင်မြဲ ဒါန သီလ စသောကုသိုလ်တရား ကိုအား ထုတ်၍သဂ္ဂ မောက္ခ နတ်ရွာနိဗ္ဗာန်ခရီး ကိုသုတ်သင်ကြကုန်။

သာသနာ တော်သူး ညောင့်တသင်း သာသနာ တော်ရှန် သူသာသနက စဝရ အမိုက်သဖွယ်ဖြစ်၍မ နေကြကုန်လင့်သာသနာ တော်အကျိုး စီး ပွား ဖြစ်ထွန်း အောင်သာ ကောင်း မွန်စွာကျင့် ဆောင် တော်မူကြ စေကုန်သတည်း ။

သဗ္ဗညုမြတ်စွာဘုရား မဟာပရိနိဗ္ဗာန်စံယူ တော်မူ သည့်နောက်မကြာမြင့်မှီအရှင်အာနန္ဒာမထေရ်သည်ရာဇဂြိုဟ်ပြည် ၌နံနက်အခါဆွမ်း ခံဝင်သည်ရှိ သော်အလွန်စောလွန်း သေး၏ဟု ဂေါပကမောဂ္ဂလာနပုဏ္ဏား အိမ်သို့ဝင်၍ နေစဉ် ဝဿကာရပုဏ္ဏား သည်လည်း ရှင်အာနန္ဒာမထေရ်ကိုမေး လျှောက်၏။

အဘယ်သို့ မေး လျှောက်သနည်း

"ရှင်အာနန္ဒာ အရှင်ဘုရား တို့၏ဆရာ ဂေါတမသည် မဟာပရိနိဗ္ဗာန်စံယူ တော်မူခါနီး သောကာလ၌အလုံး စုံသော တပည့်သံဃာ တော်တို့၏ကိုး ကွယ်ရာဖြစ် စေခြင်း ငှာတစုံတ ယောက် သော မထေရ်ကြီး ဖြစ် သောရဟန်း ကိုဆရာအရာ၌တင်၍အပ်နှံထား ခဲ့လော" ဟု မေး လျှောက်၏။

ထိုအခါရှင်အာနန္ဒာမထေရ်သည်-

"ပုဏ္ဏား မြတ်စွာဘုရား သည်အပ်နှံထား ခဲ့သော ဆရာမည်သည်မရှိ"

ဟုဆို၏။

ထိုအခါဝဿကာရပုဏ္ဏား သည်၊

"ဧဝံ အပ္ပဋိသရဏေစ ပန သော အာနန္ဒ ကော ဟေတု သာမဂ္ဂိယာတိ ဖုဋ္ဌော သမာနော"[၁] ဟူသောပါဠိဖြင့်

"အရှင်အာနန္ဒာမြတ်စွာဘုရား သည်အပ်နှံ ခဲ့သော ကိုး ကွယ်ရာဆရာမရှိဘဲလျက်ဘုရား တပည့်သား တော်ဖြစ်ကုန် သော အရှင်ဘုရား တို့၏ဆရာဘုရား ရှိစဉ်ကာလကဲ့သို့ညီညွတ်ခြင်း ၏အ ကြောင်း ကား အဘယ်နည်း"

ထိုအခါအရှင်အာနန္ဒာမထေရ်သည်

"န ခေါမယံဗြဟ္မဏအပ္ပဋိသရဏာ၊ သပ္ပဋိသရဏာ မယံဗြဟ္မဏ ဓမ္မပ္ပဋိသရဏာတိဝဒေသိ"[၁] ဟူသောပါဠိဖြင့်

---

၁။ မ၊ ၃။ ၆၀။

ပုဏ္ဏား ငါတို့သည်ကိုး ကွယ်ရာမရှိသည်မဟုတ်ကုန်၊ ကိုး ကွယ်ရာရှိသည်သာဖြစ်ကုန်၏၊ ပုဏ္ဏား ငါတို့သည်တရား သာလျှင်ကိုး ကွယ်ရာရှိဟုဆို၏။

ထိုအခါဝဿကာရပုဏ္ဏား သည်

"ဣမဿ ပန ဘော အာနန္ဒ ဘာသိတဿ ကထံ အတ္ထော ဒဋ္ဌဗ္ဗောတိ။"[၁]

ဟုသောပါဠိဖြင့်

"ရှင်အာနန္ဒာမြတ်စွာဘုရား သည်အပ်နှံခဲ့သောကိုး ကွယ်ရာဆရာရှိပါသလောဟုမေး လျှင်မရှိဟုဆို၏။ တဖန်ဆရာမရှိဘဲ လျက်ဆရာရှိစဉ်ကာလကဲ့သို့ညီညွတ်သောအကျင့်စာရိတ္တဖြစ်ခြင်း၏အ ကြောင်း ကား အဘယ်နည်း ဟုမေး ပြန်သည်ရှိသော် ပုဏ္ဏား ငါတို့သည် ကိုး ကွယ်မရှိသည်မဟုတ်၊ ကိုး ကွယ်ရာရှိကုန်၏။ ပုဏ္ဏား ငါတို့သည်တရား သာလျှင်ကိုး ကွယ်ရာရှိကုန်၏ဟုဆိုပြန်၏။ ဤသို့ဆိုအပ်သောစကား၏ အကျယ်ဖြစ်သောအနက်ကိုအဘယ်သို့သိရအံ့နည်း"ဟုမေး၏။

ထိုအခါရှင်အာနန္ဒာမထေရ်သည်

"အတ္ထိ ခေါ ဗြာဟ္မဏ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာ သမ္ဗုဒ္ဓေန သိက္ခာပဒံ ပညတ္တံ၊ ပါတိမောက္ခံ ဥဒ္ဒိဋ္ဌံ ၊ တေ မယံ တဒဟု ပေါသထေ ယာဝတိကာ ဧကံ ဂါမခေတ္တံ ဥပနိဿာယ ဝိဟရာမ တေသ ဗ္ဗေ ဧကဇ္ဈံ သန္နိပတာမ၊ သန္နိပတိတွာ ယဿ တံ ပဝတ္တတိ၊ တံ အဇ္ဈေသာမ၊ တသ္မိံ စေ ဘညမာနေ ဟောတိ

---

၁။ မ၊ ၃။ ၆၀-၁။

ဘိက္ခုသ အာပတ္တိ၊ ဟောတိဝိတိက္ကမော၊ တံ မယံ ယထာဓမ္မံ ယထာ
နုသိဋ္ဌံ ကာရေမာတိ ။ န ကိရ နော ဘ၀န္တော ကာရေန္တိ၊
ဓမ္မော နော ကာရေတိ။

ဟူသောပါဠ်ဖြင့် ဖြေ၏ ။

294.311, 2-45
A1MMGB019848

အဓိပ္ပါယ်သော်ကား -

"ပုဏ္ဏား အလုံးစုံသော တရားအပေါင်းကို အကြွင်းမရှိ သိမြင်တော်မူပြီးသော မျက်စိမြင်ငါး ပါး ရှိ၊ စေတော်မူသည်ဖြစ်၍ သိမြင်အပ်သော အလုံးစုံသော တရားအပေါင်းတို့ကို အကြွင်းမရှိ သိမြင်တော်မူပြီးသော ဆိတ်လွယ်ရာ အရပ်၌ တရံတဆစ်မျှ မကောင်းမှုကို ပြုတော်မမူပြီးသော မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် ညွှန်ပြတော်မူ ဒေသနာ ငါးပါး၌ အကျုံး၀င်သော အလုံးစုံသော တရားအပေါင်းတို့ကို အကြွင်း မဲ့ သိမြင်တော်မူပြီးသော ထိုမြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟုဆိုအပ်သော လင်္ကာတကြိမ်မချွတ်အပ်သော ပါတိမောက် အမည်ရှိသော တရားဒေသနာတော်သည် ရှိ၏ ။

ထိုငါတို့အလုံးစုံသော သာသနာတော်အပေါင်းတို့သည် ဥပုသ် နေ့တိုင်းရောက်သောအခါ၌ အကြင်မျှလောက်အတိုင်းအရှည်ရှိကုန် သော ရဟန်းတို့သည် တခုသော ဂါမခေတ်ကို ဆွမ်းခံ အမှီပြု၍ နေကြကုန် ၏ ။ ထိုအလုံးစုံသော ရဟန်းတို့သည် တပေါင်းတည်းပြု၍ တခုသော လျောက်ပတ်သော အရပ်၌ စည်းဝေးပြီး၍ အကြင်ရဟန်းအား ထိုပါတိ မောက်မည်သော ဒေသနာသည် နှုတ်တက်၏ ထိုရဟန်းကို ပြစေခြင်းငှါ တိုက်တွန်းကုန်၏ ။